# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 7 August 2025 ၁၁၉၀၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက်တို့တွင် တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုး** စာမျက်နှာ » ၃

**မြန်မာနိုင်ငံ၏ ကျန်းမာရေးအညွှန်းကိန်းများ ပိုမိုတိုးတက်လာအောင်ဆောင်ရွက်ရန်လိုလိုအပ်သောဆေးဝါးများနှင့် ခေတ်မီဆေးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက်ရှိ** စာမျက်နှာ » ၅

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာ ၅၂ လုံး အသစ်ပြန်လည်တည်ဆောက်ရေးနှင့် တည်ဆောက်ဆဲလုပ်ငန်းများအတွက် ညှိနှိုင်းစည်းဝေး** စာမျက်နှာ » ၇




## ကန့်ဘလူမြို့နယ်၌ မိုးရာသီဆီထွက်သီးနှံမြေပဲ လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်

**ကန့်ဘလူ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီအတွင်း တောင်သူများ၏ လယ်ယာမြေများတွင် မြေပဲ ၅၁၉၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်ရှိတောင်သူများသည် မိုးသီးနှံမြေပဲကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများနှင့်ရော၍ ပင်ကြား၊ တန်းကြားသီးညှပ်စိုက်ခင်းများဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။ မိုးသီးနှံမြေပဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအများအပြားတွင် ဇူလိုင်လအတွင်း စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါ မိုးသီးနှံများရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ○




## ပေါင်းတည်မြို့နယ်၌ ပဲတီစိမ်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပေါင်းတည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မိုးသီးနှံ ပဲတီစိမ်း ၆၅၄၈ ဧကစိုက်ပျိုးရန် လျာထားခဲ့ပြီး ယခုအခါ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်ရှိ တောင်သူအများစုသည် မေလနှင့်ဇွန်လအကြားတွင် ပဲတီစိမ်းကို စတင်စိုက်ပျိုးလေ့ရှိပြီး အများအားဖြင့် ရက်၆၀၊ ရေဆင်း-၁၆ မျိုးကောင်း မျိုးသန့်ကို စိုက်ပျိုးကြကာ မိမိစိုက်ပျိုးမြေအနေအထားနှင့်ကိုက်ညီသည့် ပဲမျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးတတ်ကြကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ပဲအမျိုးမျိုးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး


စာမျက်နှာ ၅ ကော်လံ ၄ သို့ ❂

# ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးအမြန်ဆုံးဖော်ဆောင်

နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဆိုသည့်အချက်ကို နိုင်ငံတော်အစိုးရအဆက်ဆက်တွင် နည်းလမ်းပေါင်းစုံဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ NCA သဘောတူစာချုပ်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသောအချက်ဖြစ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။ ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ်အပစ်ရပ် ထုတ်ပြန်ချက်ပေါင်း ၂၇ ကြိမ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလေးထားဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်ပြီး လက်နက်ကိုင်နည်းလမ်းဖြင့် မည်သည့်အခါမျှ ရရှိနိုင်လိမ့်မည်မဟုတ်ပေ။

ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် "ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ကာ နိုင်ငံနှင့် ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးများကို ရှေးရှုကြရန်" ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ရလဒ်ကောင်းများရရှိခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း၌ ငြိမ်းချမ်းရေးစကားဝိုင်း တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိုရမ် တစ်ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးဆောင်ရွက်မှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord) များကို မကြာမီကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေး လုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်စောင့်စားလိုလားကြသည်မှာ ငြင်းမရသောအချက်ဖြစ်သည်။ ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အလေးထားဆောင်ရွက်နေသည်မှာ အထင်အရှားဖြစ်သည်။ ငြိမ်းချမ်းရေးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုနှင့် နိုင်ငံရေးပါတီများ လိုလားကြသည်မှာ အမှန်ဖြစ်သည်။ ငြိမ်းချမ်းရေးသည်သာ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် စစ်မှန်သောအနှစ်သာရဖြစ်သည်။ ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း၊ ရွေးကောက်ပွဲကျင်းပ၍ ပေါ်ပေါက်လာမည့် လွှတ်တော်များတွင် အတည်ပြုဆုံးဖြတ်ချက်ရယူခြင်းတို့သည် တရားမျှတမှန်ကန်သည့် လုပ်ဆောင်ချက်များဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရေးပါသည့်အချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နားလည်လက်ခံ ခွင့်ပြုပေးထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေး၊ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုလားချက်၊ မျှော်လင့်ချက်၊ လိုအင်ဆန္ဒများဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူများအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စုပေါင်းဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ် ၂၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ( ခ )အရ ဦးကျော်ထင်အား အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| ( ၁ ) | ဒေါက်တာ မျိုးမင်းကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန |
| ( ၂ ) | ဒေါ်မြမြဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၂၉၈ | ၂,၁၁၅,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁,၆၂၇ | ၅,၃၆၉,၁၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၂ | ၁၆၉,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁၅၈ | ၃၀၈,၁၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၁၀ | ၂,၁၀၆,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၅၅၂ | ၂,၅၅၈,၂၀၀ |
| AMATA | ၃,၃၅၀ | ၃,၅၀၀ | ၈၃၁ | ၂,၈၂၅,၂၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၆၀ | ၅၂၀,၀၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက်တို့တွင် တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် HNA Myanmar Oil & Gas Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR-4 (ပြည်ဒေသ) ဧရိယာ-၁ နှင့် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၃ တို့အတွက်လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Future Engineering & Gold, Mining Co., Ltd. တို့အကြား IOR-7 (ရွှေပြည်သာဒေသ) ဧရိယာ-၂ အတွက်လည်းကောင်း ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်၊ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများ၊ HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားဖွံ့ဖြိုးတိုးတက်လာမှုတွင် စွမ်းအင်ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး" ဦးတည်ချက်ပါဝင်သည်ဖြစ်ရာ အဆိုပါ ဦးတည်ချက်အောင်မြင်စေရေးအတွက် စွမ်းအင်ကဏ္ဍသည် အထူးအရေးပါလျက်ရှိပါကြောင်း။

စိုက်ပျိုးရေးအတွက် လိုအပ်သည့်ဓာတ်မြေဩဇာနှင့် စက်မှုကဏ္ဍမြှင့်တင်ရေးအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားရရှိရေးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာတည်မှီနေသောကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများမှ ကုန်းတွင်းလုပ်ကွက် (၁၀)ကွက်ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် ခွင့်ပြုပေးခဲ့သည့် လုပ်ကွက်အနေဖြင့် ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်နေပြီး ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့စာချုပ်ချုပ်ဆိုမည့် ပြည်ရေနံမြေ၊ မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့သည် ပြည်အနည်ကျ ချိုင့်ဝှမ်းကြီးအတွင်း တည်ရှိသည်ဖြစ်ရာ အစဉ်အလာကောင်းများနှင့် အလားအလာကောင်းများရှိသည့် ရေနံမြေများဖြစ်သဖြင့် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရှာဖွေခြင်း၊ အကဲဖြတ်ခြင်း၊ တူးဖော်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., Ltd. တို့မှတာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ်ရှိ ဇေယျာနိုင်လွန်ကတ္တရာလမ်းနှင့် သုခမ္မာနိုင်လွန်ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ လမ်းမုခ်ဦးရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊



တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး အဆိုပါလမ်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**တက်ရောက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းရစ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်အမှုဆောင် အရာရှိက စစ်ကိုင်းမြို့ပေါ်ရှိလမ်းရစ်လမ်းကို နိုင်လွန်ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းမြို့ပေါ် ရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရာဇမဏိစူဠာ ကောင်းမှုစေတီတော် တောင်ဘက်စောင်းတန်း၌ ကျင်းပသည့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ပန္နက်တော်တင် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပန္နက်တော်တိုင်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်တော်တင် မင်္ဂလာပြုလုပ်၍ သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံနေမှုနှင့် စေတီတော် သမိုင်းကျောက်စာတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုခါမုန်တိုင်းဘေးသင့်ဒေသများသို့ ဖြန့်ဖြူးရောင်းချပေးထားသည့် သစ်ခွဲသားများအတွက် တန်ဖိုးကျသင့်ငွေများ ပေးသွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်တွေ ဩဂုတ် ၆

မိုခါမုန်တိုင်းဘေးသင့်ဒေသများသို့ ဖြန့်ဖြူးရောင်းချပေးထားသည့် သစ်ခွဲသားများအတွက် တန်ဖိုးကျသင့်ငွေများ ပေးသွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာက သစ်ဖိုးငွေပေးချေရန်ကျန်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဖြန့်ဖြူးရောင်းချပေးထားသည့် သစ်ခွဲသားများ




အတွက် တန်ဖိုးကျသင့်ငွေပေးချေရန်ကျန်ရှိမှုနှင့် ပတ်သက်၍ တင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြု ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စစ်တွေမြို့နယ် မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံးသို့ သွားရောက်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါရုံး၌ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဆရာဝန် သူနာပြုများက မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၊ IDP စခန်းများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကင်းစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-ဝင်းမင်းစိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Naypyitaw State Academy အတွင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ ရောက်ရှိပြီး စာကြည့်တိုက်ရှိ စာအုပ်စာရင်းများ စနစ်တကျထားရှိမှု၊ Online Public Access (OPAC) ကက်တလောက်စနစ်၊ Self-check ဖြင့် ကိုယ်တိုင်စာအုပ်များ ငှားနိုင်သည့်စနစ် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်အသုံးပြုသည့် ကျောင်းသား ကျောင်းသူစာရင်းမှတ်တမ်းများကို ကွန်ပျူတာနှင့် စနစ်တကျထားရှိဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူများ ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖြည့်ဆည်းထားရှိရေး တို့ကို မှာကြားကာ ပင်မဆောင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် Naypyitaw State Academy အတွင်း ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတ်မှတ်ထားသည့်ကာလအတွင်း တည်ဆောက်ပြီးစီးရန် မှာကြားပြီး ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေးထပ်စာသင်ဆောင်ရှိ သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများတွင် စာတွေ့လက်တွေ့သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ မိမိတို့စိတ်ဝင်စားသည့် ဘာသာရပ်များကို ပိုင်နိုင်စွာ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူခြင်းဖြင့် မိမိတို့၏အနာဂတ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပြီး ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများကိုလည်း စိတ်ပါဝင်စားစွာဆောင်ရွက်ကြရန် အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation for Rural Development (CFRD)တို့က တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ CFRD အဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားက ကျောင်းသုံးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြကာ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။




အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများရှိ တရုတ်-မြန်မာချစ်ကြည်ရေး အားကစားကွင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ဆော့ကစားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၀၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၆၇ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန် လိုအပ်သည့်လူနာ ၁၂၉ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးသည်။ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဟုမ္မလင်းမြို့၌ ဥပဒေရေးရာ အသိပညာပေးဟောပြော

**ဟုမ္မလင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးများအား လူကုန်ကူးမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများ ကာကွယ်ရေး ဥပဒေရေးရာအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၅ ရက်တွင် ဟုမ္မလင်းမြို့ အထက(၁) ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးက အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် ဥပဒေအရာရှိ ဦးစောလင်းအောင်က အမျိုးသမီးများအား လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုအကြောင်းသိကောင်းစရာ ဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ဟုမ္မလင်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းမှူး ဒုတိယရဲမှူး အောင်သူရိန်က အမျိုးသမီးများအား အိမ်တွင်းအကြမ်းဖက်မှုနှင့် သွေးဆောင်ဖြားယောင်းခိုးယူမှုများကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ ဟုမ္မလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၄၆၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ကျန်းမာရေးအညွှန်းကိန်းများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရန်လို လိုအပ်သော ဆေးဝါးများနှင့် ခေတ်မီဆေးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ အမှာစကား ပြောကြားသည်။




**တက်ရောက်**

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပါမောက္ခချုပ်များအနေဖြင့် University Ranking တက်စေရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် KG+12 စနစ်နှင့် လိုက်လျောညီထွေရှိစွာ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီးများကို ပြည်သူလူထု အားကိုးယုံကြည်မှုမြင့်မားလာပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးအညွှန်းကိန်းများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လိုအပ်သောဆေးဝါးများနှင့် ခေတ်မီဆေးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လူနာများ၏ စိုက်ထုတ် ကုန်ကျစရိတ်များကိုလည်း များစွာလျှော့ချနိုင်ခဲ့ကြောင်း၊ ပြည်သူလူထု စိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကုသရေးနှင့် ဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး ပြည့်မီစေရေးနှင့် Clinical Skills များသာမက Communica-tion Skills များ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာများ တိုးတက်စေရန်နှင့် မျိုးဆက်သစ်များကို လူကောင်းလူတော်များဖြစ်စေရန် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ဌာနမှူးများနှင့် ပါမောက္ခများက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နတ်တလင်းမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၅ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ၊ ပိုးလောက်လမ်း ရှိ/မရှိ စစ်ဆေးခြင်း၊ ရေတွင်း/ရေကန်များအား အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တိုင်းရင်းဆေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်းရှိမြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) ရုံးခန်း၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။



ထိုသို့ တွေ့ဆုံညှိနှိုင်းရာတွင် ဆေးဆရာ အတုအယောင်များ ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းဆေးဆရာ တချို့က ကိုယ်ပိုင်သင်တန်းများ ပေး၍ ဆေးကုလက်မှတ်များထုတ်ပေးနေသည့်ကိစ္စရပ်များ၊ တိုင်းရင်းဆေးဆရာ အခြေခံသင်တန်းဖွင့်လှစ်မည့်ကိစ္စရပ်များ၊ ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသမည့် ကိစ္စရပ်များ၊ အထွေထွေတိုင်းရင်းဆေးဆရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းပွဲသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)မှ တိုင်းဒေသကြီးတာဝန်ခံ ဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် အမှုဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကိုဒွေး**

## မိုးညိုမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုးညို ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က အခြေခံပညာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်သည်။



**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မိုးညိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက မိုးညိုမြို့ပေါ်ရှိအလက (ခွဲ)တောင်ပိုင်းနှင့် အလက(ခွဲ)မြို့မ အခြေခံပညာကျောင်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

❍ ရှေ့ဖုံးမှ

မြေပဲသီးနှံစိုက်ခင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် မြေပဲမျိုးများ ရွေးချယ် စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ များ စနစ်တကျသုံးစွဲနိုင်ရေးနှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းတာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာများ ကူညီပံ့ပိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့်သွင်းအားစုများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**စိုက်ပျိုးလျက်ရှိ**

ကန့်ဘလူမြို့နယ်တွင် မိုးရာသီ ဆီထွက်သီးနှံ မြေပဲ ကို ၅၁၅၈၆ ဧကလျာထားစိုက်ပျိုးရာ ၅၁၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၃၄၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ဆီထွက်သီးနှံ မြေပဲအပြင် နှမ်း၊ နေကြာတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❂ ပေါင်းတည်မှ

ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲစိုက်ပျိုးရေး၊ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ပြည်တွင်းစားနပ် ရိက္ခာဖူလုံရုံမျှမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် အထွက်နှုန်းကောင်းမွန်ရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြို့နယ်အတွင်းရှိ တောင်သူများစိုက်ပျိုးထားသော ပဲတီစိမ်းများမှာ ပျှမ်းမျှ ၃၅ ရက် သက်တမ်းဝန်းကျင်ရှိနေကြပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**

# အဖြူရောင် အလင်းတိုင်များ

**ဒေါက်တာဇေယျာဝင်း**

**၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဝန်သစ်လွင်နဲ့ သွားနဲ့ခံတွင်းဆရာဝန်သစ်လွင်တွေကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိတွေအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။**

**“သစ်လွင်ဆရာဝန်တွေအနေနဲ့ အဖြူရောင်ဂျူတီကုတ်ကို ဝတ်ဆင်တဲ့အချိန်မှာ ဒါဟာ ဝတ်စုံမဟုတ်ဘူး၊ ကတိသစ္စာတွေဖြစ်တယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဘယ်လိုကတိတွေလဲဆိုတော့ လူတိုင်းကို ဂုဏ်သိက္ခာနဲ့ ကြင်နာစွာ ဆက်ဆံဖို့ကတိ၊ သိပ္ပံနည်းကျမှုနဲ့ ကျင့်ဝတ်ကို ဘယ်သူ့မှမမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာတောင် ထိန်းသိမ်းဖို့ကတိ၊ စဉ်ဆက်မပြတ်သင်ယူပြီး နှိမ့်ချစွာ ဝန်ဆောင်မှုပေးဖို့ကတိ စတာတွေဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေက ဆရာဝန်တွေအပေါ်မှာ အားကိုးနေပါတယ်၊ ယုံကြည်မျှော်လင့်နေပါတယ်၊ ဒါကြောင့် သစ်လွင်ဆရာဝန်တို့အနေနဲ့ ဒီလမ်းခရီးကို တစ်ယောက်တည်း လျှောက်လှမ်းရမှာမဟုတ်ပါဘူး။ နိုင်ငံတော်၊ ပြည်သူတို့နဲ့အတူ လျှောက်လှမ်းကြရမှာပါ။ နိုင်ငံတော်နဲ့ ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုကို အထူးပဲ အသိအမှတ်ပြု ကျေးဇူးတင်နေမှာ မလွဲပါဘူး”**

အဆိုပါအခမ်းအနားကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ဂုဏ်ပြုတက်ရောက်ချီးမြှင့်ပြီး လမ်းညွှန်အမှာစကားပြောကြားပေးခဲ့တာဖြစ်လို့ ကျန်းမာရေးကဏ္ဍအတွက် အလွန်ပဲ ထူးခြားတဲ့၊ သမိုင်းတွင်ခဲ့တဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးတဲ့ အခိုက်အတန့်သာမက နိုင်ငံတော်နဲ့ ပြည်သူအပေါင်းတို့အတွက်လည်း အလွန်အရေးပါတဲ့ နေ့ရက်တစ်ရက်ဖြစ်ပါတယ်။ ကရုဏာ၊ တာဝန်သိမှုနဲ့ သိပ္ပံနည်းကျ ကျွမ်းကျင်မှုဆိုတဲ့ မီးရှူးတန်ဆောင်ကို စွမ်းရည်ပြည့်ဝတဲ့ အသစ်ခန့် ပြန်တမ်းဝင်အရာရှိ ဆရာဝန် (သစ်လွင်) တို့ရဲ့လက်တွေထဲ လွှဲပြောင်းပေးအပ်ခဲ့တဲ့နေ့လည်း ဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်ပြီး အင်အားတောင့်တင်းတဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြီးမားတဲ့ အကျိုးရလဒ်တစ်ခုလည်းဖြစ်ပါတယ်။

### ဆရာဝန်ဆိုတာ

ဆရာဝန်သစ်လွင်တွေကို **“သူ့ရဲကောင်းတွေ”** လို့ တင်စားဂုဏ်ပြုလိုပါတယ်။ ဆရာဝန်ဆိုတာ တစ်ခါတစ်ရံ လူနာကို ပျောက်ကင်းအောင်ကုသပေးနိုင်မယ်၊ တစ်ခါတစ်ရံမှာ နာကျင်မှုကိုသက်သာအောင်လုပ်နိုင်မယ်၊ ဒါပေမဲ့ ဆရာဝန်ဖြစ်ရခြင်း အနုပညာဆိုတာဟာ နှစ်သိမ့်ပေးနိုင်စွမ်းပဲဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဆိုတာ ဂုဏ်ပုဒ်တစ်ခု ထက်ပိုပါတယ်။

**ဆရာဝန်တွေဟာ လူ့အသက်တွေရဲ့ စောင့်ရှောက်သူ၊ နာကျင်မှုတွေကို သက်သာပျောက်ကင်းစေသူ၊ ဝေဒနာခံစားနေရသူတွေအတွက် မျှော်လင့်ချက်ရဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းဟာ အမြဲတမ်းချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အိပ်ရေးပျက်တဲ့ညတွေရှိမယ်၊ ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာအချိန်တွေရှိမယ်၊ ထမ်းထားရတဲ့ ကြီးလေးတဲ့တာဝန်တွေကို လေးလံသလိုခံစားရတဲ့ အခိုက်အတန့်တွေလည်းရှိလာမယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့တန်ဖိုးကို သက်သောင့်သက်သာရှိပြီး အဆင်ပြေတဲ့အချိန်မှာ တိုင်းတာတာမဟုတ်ဘူး၊ ခက်ခဲတဲ့စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘယ်လိုရပ်တည်ကျော်ဖြတ်သလဲဆိုတဲ့အပေါ်မှာ တိုင်းတာ တာသာဖြစ်တယ်။ ဆရာဝန်သစ်လွင်တွေဟာ သတ္တိနဲ့ ရပ်တည်မယ်၊ ရိုးသားမှုနဲ့ ရှင်သန်ကြီးထွားပြီး ကရုဏာတရားနဲ့ ဦးဆောင်နိုင်မယ်ဆိုတာကို ကျွန်တော်တို့အားလုံးက အပြည့်အဝယုံကြည်နေကြပါတယ်။**

### အစဉ်အလာ

လွတ်လပ်ရေးရချိန်ကတည်းက ကျန်းမာရေးဝန်ကြီးဌာနဟာ မြို့ကြီးတွေမှာရှိတဲ့ ဆေးရုံကြီးတွေကနေ ကျေးလက်ဒေသက ရွှေ့လျားဆေးခန်းတွေအထိ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုမြှင့်တင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့မူဝါဒတွေကို ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူလျက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ပခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ဆရာဝန်မျိုးဆက်တွေဟာ ဒီတာဝန်ကို အခက်အခဲတွေကြားက လူသားချင်းစာနာမှုနဲ့ ဖွဲ့မလျှော့ဘဲ ဆက်လက်ထမ်းဆောင်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ ဒီတာဝန်ဟာ ဆရာဝန်သစ်လွင်တို့လက်ထဲကို ရောက်ရှိလာပါပြီ။ ၎င်းတို့ဟာ ဒီသမိုင်းထဲကို နောက်ထပ်စာမျက်နှာအသစ်၊ အခန်းအသစ်တစ်ခုကို ရေးသားမယ့်သူတွေအနေနဲ့ ဝင်ရောက်လာပါပြီ။

### နိုင်ငံတော်၊ ပြည်သူတို့နှင့်အတူ

သစ်လွင်ဆရာဝန်တွေအနေနဲ့ အဖြူရောင်ဂျူတီကုတ်ကို ဝတ်ဆင်တဲ့အချိန်မှာ ဒါဟာဝတ်စုံမဟုတ်ဘူး၊ ကတိသစ္စာတွေဖြစ်တယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဘယ်လိုကတိတွေလဲဆိုတော့ လူတိုင်းကို ဂုဏ်သိက္ခာနဲ့ ကြင်နာစွာ ဆက်ဆံဖို့ကတိ၊ သိပ္ပံနည်းကျမှုနဲ့ ကျင့်ဝတ်ကို ဘယ်သူ့မှမမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာတောင် ထိန်းသိမ်းဖို့ကတိ၊ စဉ်ဆက်မပြတ်သင်ယူပြီး **နှိမ့်ချစွာဝန်ဆောင်မှုပေးဖို့ကတိ စတာတွေဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေက ဆရာဝန်တွေအပေါ်မှာ အားကိုးနေပါတယ်၊ ယုံကြည်မျှော်လင့်နေပါတယ်၊ ဒါကြောင့် သစ်လွင်ဆရာဝန်တို့အနေနဲ့ ဒီလမ်းခရီးကို တစ်ယောက်တည်း လျှောက်လှမ်းရမှာမဟုတ်ပါဘူး။ နိုင်ငံတော်၊ ပြည်သူတို့နဲ့အတူ လျှောက်လှမ်းကြရမှာပါ။ နိုင်ငံတော်နဲ့ ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုကို အထူးပဲ အသိအမှတ်ပြုကျေးဇူးတင်နေမှာမလွဲပါဘူး။**

### ကွက်လပ်များဖြည့်ဆည်းခြင်း

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်း အကြောင်းပြချက်အမျိုးမျိုးနဲ့ ပြည်သူ့ဆေးရုံတွေကို စွန့်ခွာသွားခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ဝန်နဲ့အား မမျှတဲ့ အခြေအနေမျိုး ရင်ဆိုင်ခဲ့ကြရပါတယ်။ ဒါကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လစ်ဟာသွားတဲ့နေရာတွေမှာ အမြန်ဖြည့်ဆည်းနိုင်ရေးအတွက် ဆေးနဲ့ ဆေးနီးနွယ်တက္ကသိုလ်တွေကနေ ဘွဲ့ရရှိသူတွေကို သင်တန်းပြီးဆုံးတာနဲ့ ချက်ချင်းလုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့ကြရပါတယ်။

ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေဖို့ နိုင်ငံတော်အကြီးအကဲရဲ့ **‘ဆေးရုံတိုင်းဆရာဝန်ရှိရမည်’** ဆိုတဲ့လမ်းညွှန်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်နှစ်တွေက နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေအနေနဲ့ ထိုက်သင့်တဲ့ဆေးကုသမှု အတွေ့အကြုံကို လေ့လာသင်ယူပြီးတဲ့နောက်မှာ နယ်မြို့တွေမှာရှိတဲ့ ပြည်သူ့ဆေးရုံတွေဆီ ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိတာကိုလည်း ကြားသိရပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍမှာ လိုအပ်နေတဲ့နေရာကို တစ်ဖက်တစ်လမ်းကနေ ကွက်လပ်ဖြည့်ဆည်းဆောင်ရွက်နိုင်ကြတာဖြစ်လို့ ဂုဏ်ယူဝမ်းသာကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

### နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး

နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဟာ ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ တည်ရှိတာနဲ့အညီ နိုင်ငံတော်အကြီးအကဲက **“ကျန်းမာမှ ပညာသင်ကြားနိုင်မည်” “ကျန်းမာမှ အလုပ်လုပ်နိုင်မည်” “လူ့အသက်ထက် အရေးကြီးတာမရှိ”** ဆိုပြီး လမ်းညွှန်မှာကြားကာ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဟာ ဒီလမ်းညွှန်ချက်တွေကို လိုက်နာအကောင်အထည်ဖော်ဆောင်လျက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍမှာ တစ်ဖက်တစ်လမ်းကနေပါဝင်ပြီး ဟန်ချက်ညီညီ ရှေ့သို့ ချီတက်နေကြတာကို ဂုဏ်ယူဖွယ် မြင်တွေ့ရပါတယ်။

**နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ဝန်ထမ်းအိမ်ရာတွေ တိုးချဲ့ဆောက်လုပ်ပေးနေတဲ့အပြင် ချီးမြှင့်ငွေနဲ့ စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သစ်လွင်ဆရာဝန်တွေရဲ့ ပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်လေ့ကျင့်သင်ကြားမှုတွေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ခေတ်မီဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတွေကိုလည်း နိုင်ငံတော်အနေနဲ့ ပံ့ပိုးပေးနေပါတယ်။ ဒါ့အပြင် နိုင်ငံတကာကို ပညာသင်စေလွှတ်နိုင်မှုအနေနဲ့ ၂၀၂၁ ခုနှစ်ကနေ အခုအချိန်အထိ ဘွဲ့လွန်သင်တန်းသား ၃၁၈ ဦး စေလွှတ်နိုင်ခဲ့တဲ့အပြင် နိုင်ငံတကာကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေကို ၁၉၅၇ ဦးအထိ စေလွှတ်နိုင်ခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ကိုင်နိုင်စွမ်းတိုးတက်မှုဟာ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်။**

နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို ခနအင်အားတွေ၊ လက်နက်တွေနဲ့ တိုင်းတာတာမဟုတ်ဘဲ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာတတ်မြောက်မှု၊ ပျော်ရွှင်မှု သုခတို့နဲ့ တိုင်းတာပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုဟာ နိုင်ငံတည်ဆောက်ရေးဖြစ်ပါတယ်။ သူတို့ရဲ့လက်တွေနဲ့ နိုင်ငံတော်ကို တည်ဆောက်နေတာဖြစ်ပါတယ်။

### ယုံကြည်မျှော်လင့်မှုများ

**သစ်လွင်ဆရာဝန်တို့အနေနဲ့ ဆူညံပြီးစည်ကားတဲ့ မြို့ကြီးပြကြီးက ဆေးရုံကြီးတစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ်၊ ကျေးလက်ဒေသက ဆေးခန်းလေးတစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ်** စာမျက်နှာ ၇ သို့

**“သစ်လွင်ဆရာဝန်တို့အနေနဲ့ ဆူညံပြီးစည်ကားတဲ့ မြို့ကြီးပြကြီးက ဆေးရုံကြီးတစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ်၊ ကျေးလက်ဒေသက ဆေးခန်းလေးတစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ် မိမိတို့ကုသပေးတဲ့ လူနာတိုင်းဟာ နိုင်ငံတိုးတက်မှုရဲ့ အစိတ်အပိုင်းတစ်ခုပဲဖြစ်တယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။ နှလုံးသားတွေကြည်လင်ပြီး စေတနာပြည့်ဝကာ မိမိတို့ရဲ့ကျွမ်းကျင်မှုတွေ၊ တာဝန်သိမှုတွေနဲ့အတူ ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးအပ်နိုင်လိမ့်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။ ပြည်သူတွေရဲ့ကျေးဇူးတင်မှု၊ ယုံကြည်မှုနဲ့ မေတ္တာတရားတွေဟာ အကြီးမားဆုံးသော ဆုလာဘ်ပဲဖြစ်ပါတယ်”**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာ ၅၂ လုံး အသစ်ပြန်လည်တည်ဆောက်ရေးနှင့် တည်ဆောက်ဆဲလုပ်ငန်းများအတွက် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာ ၅၂ လုံး အသစ်ပြန်လည်တည်ဆောက်ရေးနှင့် နေပြည်တော်ကောင်စီ၏ ဆောင်ရွက်ဆဲဝန်ထမ်းအိမ်ရာ ၁၄ လုံး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဖမ္မြူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လျှော်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ အဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လျှော်ဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် SOP နှင့်အညီ ဆောင်ရွက်ရေးနှင့် မြေစမ်းသပ်မှုများ စနစ်တကျဆောင်ရွက်ရေး၊ ယာယီအဆောက်အအုံများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)





## ပင်းတယမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ပင်းတယ ဩဂုတ် ၆

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပေါစံသီးကျေးရွာအဝင်လမ်း ကျောက်လမ်းမှကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အောက်ခံလမ်းပြုပြင်နေမှု အခြေအနေကို ဩဂုတ် ၅ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလွင်ဖြိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ပေါစံသီးကျေးရွာအဝင်လမ်းအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ၇၈ ဒသမ ၆၁၉ ကျပ်သန်းဖြင့် မေယိုင်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၆

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (ဒုတိယနှစ်ဝက်) နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်(ပထမနှစ်ဝက်) ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများအား ဆက်သွယ်ရေး လိမ်လည်မှုနှင့် ဆက်စပ်ဖြစ်ပေါ်သော ငွေကြေးလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် အမှတ် -၂ မှုခင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ ရဲမှူးတင်အောင်မိုး၊ အမှတ်-၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲအုပ်ကျော်စွာမြင့်၊ အမှတ်-၄၃ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်နေခြည်လင်းတို့က အသိပညာပေးဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား စီမံပါမောက္ခ (ဌာနမှူး)များ၊ သန်လျင်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ သန်းဝင်း(သန်လျင်)

## ကော့သောင်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ဆောင်ရွက်ပေး



ကော့သောင်း ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဘဏ်သို့ မလာရောက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက် UID ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇော်ဦးတို့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်တွင် ပင်စင်စား ဘိုးဘွားများအား အိမ်တိုင်ရာရောက် UID များ ဆောင်ရွက်ပေးပြီး Smart card (UID)များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ရေကြည် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ဆန်စက်များကို ယနေ့နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိဆန်စက်များသို့ သွားရောက်ကာ မီးဘေးလုံခြုံမှုရှိရေး၊ လျှပ်စစ်သွယ်တန်းမှုစနစ်တကျရှိ၊ မရှိ၊ မီးသတ်ဆေးဘူး၊ ရေပုံး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်နှင့်ရေများ အသင့်ထားရှိရန်၊ အရေးပေါ်ထွက်ပေါက်များ ထားရှိရန်နှင့် မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ထားရှိစေရေးတို့ကို အကြံပြုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

❒ စာမျက်နှာ ၆ မှ

မိမိတို့ကုသပေးတဲ့ လူနာတိုင်းဟာ နိုင်ငံတိုးတက်မှုရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်တယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။ နလုံးသားတွေကြည်လင်ပြီး စေတနာပြည့်ဝကာ မိမိတို့ရဲ့ကျွမ်းကျင်မှုတွေ၊ တာဝန်သိမှုတွေနဲ့အတူ ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးအပ်နိုင်လိမ့်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။ ပြည်သူတွေရဲ့ ကျေးဇူးတင်မှု၊ ယုံကြည်မှုနဲ့ မေတ္တာတရားတွေဟာ အကြီးမားဆုံးသော ဆုလာဘ်ပဲဖြစ်ပါတယ်။

ဆေးပညာရဲ့ အလင်းရောင်သဖွယ်ဖြစ်တဲ့ မိမိတို့ရဲ့ ကုသပေးနိုင်မှုဟာ လူများစွာရဲ့ဘဝကို ပြောင်းလဲနိုင်တယ်ဆိုတာကိုလည်း အမြဲနှလုံးသွင်းစေချင်ပါတယ်။ အဖြူရောင်ဂျူတီကုတ်ကို လူနာတွေအားကိုးယုံကြည်ရတဲ့ သမားဂုဏ်အပြည့်နဲ့ ဝတ်ဆင်နိုင်ကြဖို့ကိုလည်း မျှော်လင့်ပါတယ်။

အချုပ်အားဖြင့်ဆိုရင် နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေအနေနဲ့ မိမိတို့ရဲ့သက်မွေးမှုပညာနဲ့ နိုင်ငံတော်က ပေးအပ်လာတဲ့တာဝန်တွေကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်တစ်ဦးရဲ့ အောင်မြင်တဲ့ဘဝကို တည်ဆောက်နိုင်ကြပါစေကြောင်းနဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေဖို့အတွက် မွန်မြတ်စိတ်ထား မေတ္တာတရားအပြည့်နဲ့ ဝိုင်းဝန်းကြိုးပမ်းရွက်ဆောင်နိုင်သူများ ဖြစ်လာကြမယ်လို့ ခိုင်မာစွာယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

## ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသော AWS+ နှင့် cmapp.tv တို့သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ရုပ်ရှင်ဇာတ်ကားများကို ၎င်းတို့၏အက်ပလီကေးရှင်းများတွင် လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် AWS+ နှင့် cmapp.tv တို့ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို အမြဲတမ်းရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်စက်မှုဇုန် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဩဂုတ် ၆**

ကယားပြည်နယ်အတွင်း နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီး လွိုင်ကော်စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်စက်မှုဇုန်၌ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**အမှာစကား ပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက လွိုင်ကော်စက်မှုဇုန် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ လွိုင်ကော်စက်မှုဇုန်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှု၊ စက်မှုဇုန်အတွင်း ကတ္တရာလမ်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပေးရန် လိုအပ်မှု၊ ထရန်စဖော်မာများ တပ်ဆင်ပေးမည့်အခြေအနေနှင့် လုပ်ငန်းများ စတင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သစ်အချောထည်နှင့် သစ်ပါးလွှာလုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်း၊ ပရိဘောဂစက်ရုံ၊ ဆန်စက်၊ ဆီစက်၊ သီးနှံအခြောက်ခံစက်ရုံ၊ ရက်ကန်းလုပ်ငန်း၊ စက္ကူစက်၊ ကြက်စာအစာစပ်စက်ရုံ၊ မော်တော်ယာဉ်အလုပ်ရုံလုပ်ငန်းရှင်များက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လိုမှု၊ အခက်အခဲ၊ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးရန်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်း စက်ရုံအလုပ်ရုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ပြင်ဆင်နေမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားသည့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံထိန်းချုပ်ခန်းနှင့် Switch Yard များ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်ရန်လိုအပ်သည့် အခြေအနေ၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ယာဉ်ရပ်နားစခန်း အမြန်ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**သတင်းစဉ်**



## စပါးအထွက်နှုန်း ကွာဟချက်များကို ဆန်းစစ်လေ့လာခြင်း သုတေသနစစ်တမ်းကောက်ယူ

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်ကောင်စီနယ်မြေ (၈) မြို့နယ်ရှိ နွေစပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်၍ စပါးအထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်း သုတေသနစစ်တမ်းကောက်ယူခြင်းကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတို့၌ စစ်တမ်းကောက်ယူလျက်ရှိသည့် စာရင်းကောက်ဝန်ထမ်းများနှင့် တောင်သူများအား တွေ့ဆုံ၍ ယခုဆောင်ရွက်လျက်ရှိသည့် စပါးအထွက်နှုန်းကွာဟချက်များကို စစ်တမ်းကောက်ယူခြင်းသုတေသနသည် စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဟန့်တားချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ပြဿနာများအပေါ် လူထုအခြေပြုဆောင်ရွက်ရန် လိုအပ်သည့်အတွက် ဖြေဆိုသူတစ်ဦးချင်းစီ၏ မတူညီသောအခက်အခဲများကို သိရှိနိုင်ရန်လိုအပ်ကြောင်း၊ စာရင်းကောက်ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ သီးနှံပုံစံများ ပြန်လည်တည့်မတ်နိုင်ရေး စနစ်တကျအထူးအလေးထားစီစဉ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ ဝါမျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲကျင်းပ

**ပေါက်ခေါင်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးနှောင်းဝါသီးနှံစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက ဝါစိုက်ပျိုးသော အသင်းသားတောင်သူများအား Raka-666(BT) တစ်မျိုးတည်းကိုသာ စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရအောင် ဆောင်ရွက်သွားရန်နှင့် သွင်းအားစုတန်ဖိုးများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးအပ်ရန် အမှာစကားများ ပြောကြားသည်။ ထို့နောက် ဝါစိုက်ပျိုးသော အသင်းသားတောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုးစေ့နှင့်သွင်းအားစုများကို ထောက်ပံ့ပေးသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါစိုက်ပျိုးသော ကျေးရွာ ခုနစ်ရွာ၊ အခြေခံသမဝါယမအသင်း ခုနစ်သင်းမှ အသင်းသားတောင်သူ ၂၈၁ ဦးတို့က မိုးနှောင်းဝါစိုက်ဧက ၁၃၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်းကျော်ဇင် (ပြန်/ဆက်)**

## ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၆**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲတက်ရောက်



**ပုသိမ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ အစိုးရအရာအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။ ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို အောင်ဆန်းခန်းမ၌ ဆက်လက်ပြုလုပ်ရာ ကျုံပျော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက“အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က တက္ကသိုလ်ဝင်စာမေးပွဲ နိုင်ငံတော်အဆင့် ဝိဇ္ဇာဘာသာတွဲတွင် အဆင့်(၃)၊ အဆင့်(၄)နှင့် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ကျောင်းသားကျောင်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ကပြဖျော်ဖြေသော အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံများပြခန်း၊ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျုံပျော်မြို့နယ်၏ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်လှုပ်ရှားမှုများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စကားပုံဆက်/ အရုပ်ဆက်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ (အလယ်တန်းအဆင့်)၊ ကျောင်းစာကြည့်တိုက်နှင့် အားကစားပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ် အထက(၁)၌ စာသင်ကျောင်းအခြေပြု ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ စာသင်ကျောင်းအခြေပြု ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းက ငလျင်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ် ASR level 1, 2 , 3 , 4 , 5 တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မီးဘေးအန္တရာယ် လက်တွေ့သရုပ်ပြခြင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက Power Unit အသုံးပြု၍ ကယ်ဆယ်ရှာဖွေခြင်း၊ ရေဘေးကယ်ဆယ်ရေးအတွက် Life Jacket ဝတ်ဆင်သရုပ်ပြခြင်း စသည်တို့ကို သရုပ်ပြသလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ဇေယျာသီရိခရိုင်၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင်၌ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ တိုင်ကြားမှုယန္တရားများ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် နေပြည်တော် လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာအေးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ တိုင်ကြားမှုယန္တရားများ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးဟောပြောပြီး တက်ရောက်လာသော ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ဇေယျာသီရိခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြော

**မှော်ဘီ ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် အထက(၁)ပညာရတနာခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း



အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီတပ်ဖွဲ့စု(၆၄)မှ ဒုရဲမှူးအောင်ဇော်က ကျောင်းသား ကျောင်းသူများအား ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ လမ်းဖြတ်ကူးလိုပါက လိုက်နာရမည့်စည်းကမ်းများ၊ အုပ်စုလိုက် အစုအဝေးဖြင့် လျှောက်လိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းများနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့်စည်းကမ်းများကို အသိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ မှော်ဘီမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၄) မှ ဒုရဲမှူးအောင်ဇော်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင် လေးဦး၊ မှော်ဘီမြို့နယ် ကြက်ခြေနီမြို့နယ်မှူး ဦးတင်ထွေးနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၂၀ တက်ရောက်ကြကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပုလောမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ပုလော ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပုလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပုလောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါပွဲတော်တွင် အထက်တန်းအဆင့်/ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊



စကားရည်လုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ လူငယ်စာပေဆွေးနွေးပွဲများနှင့် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ကြကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

# ကချင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၆

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ယနေ့ မွန်းလွဲ ၃ နာရီက တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်းကို အောင်မြင်အောင် ကြိုးပမ်းလည်ပတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ တတိယနှစ်စက်ဝန်းဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအတွက် ရန်ပုံငွေထုတ်ချေးပေးနိုင်မှု၊ အတိုး၊ အရင်းရငွေများ ကောက်ခံရရှိမှုအခြေအနေများကို လုပ်ငန်းလက်စွဲစာစောင်ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ အလေးအနက်ထား၍ ငွေစာရင်းရှင်းတမ်းများကိုလည်း စာရင်းစစ်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ပြည်သူများ အကျိုးစီးပွားဘဝတိုးတက်စေရန် အားလုံးဝိုင်းဝန်းကြိုးစားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမတည်ငွေခွဲဝေချထားပေးမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်/မြို့နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် သမဝါယမလုပ်ငန်းများအတွက် ရန်ပုံငွေများ ထုတ်ချေးပေးထားမှုများနှင့် ကဏ္ဍအလိုက် အတိုး/အရင်းကောက်ခံရရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေး ရန်ပုံငွေများကို စနစ်တကျစီမံခန့်ခွဲကြရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)



## မြိတ်မြို့၌ ရေလုပ်ငန်းဆိုင်ရာ သင်တန်းများဖွင့်

မြိတ် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)၊ အကောင်းဆုံး မွေးမြူရေးကျင့်စဉ်(BAP) သင်တန်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုသင်တန်းကို ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့က မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က သင်တန်းဖွင့်လှစ်ရခြင်း၏အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆရာ ဦးတင့်ဝေက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၊ အလုပ်ရုံနှင့် ငါး/ပုစွန်/ကဏန်း မွေးမြူရေးလုပ်ကိုင်နေကြသည့်ကုမ္ပဏီများ၊ မြိတ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၆၄ ဦး တက်ရောက်ကြပြီး ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း အခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၆

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (ညောင်ကိုင်းစံပြ)၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အခမ်းအနားတွင် မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ထွန်း၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်တို့က ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ကြက်ဥများ ပေးအပ်ကာ တိုက်ကျွေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။



အဆိုပါ ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များ၌ တစ်မြို့နယ်လျှင် ကျောင်းသား ကျောင်းသူ ၅၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀၀ အား တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ကန်ကြီးထောင့် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနားကို ယမန်နေ့က ဧရာသီရိသုခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီးမန်နေဂျာ ဦးဝင်းနိုင်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဦးသန်းထွဋ်က အာမခံထားရှိနိုင်သည့် အမျိုးအစားများ၊ အာမခံထားရှိခြင်းကြောင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက မြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးမှုအခြေအနေများ၊ သီးနှံအာမခံထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန် များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁၆-၇-၂၀၂၅ ရက်နေ့မှ ၃၁-၇-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="8">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td rowspan="2">၇</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၀</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများ ပေးအပ်

**မြန်အောင် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သမဝါယမဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းတွင်ပါဝင်သော သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်ယမင်းသူက တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်ရန်အတွက် အထွက်တိုးမျိုးဖြစ်သည့် အောင်နိုင်တိုး အထွက်တိုးစပါးမျိုးစိုက်ပျိုးသည့် အသင်းသားတောင်သူများအား သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် သွင်းအားစုများကို စနစ်တကျအကျိုးရှိစွာ အသုံးပြုရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် အသင်းတာဝန်ရှိသူများက ဇီးဖြူကုန်းကျေးရွာအုပ်စုရှိ အောင်နိုင်တိုးအထွက်တိုးစပါးမျိုး စိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူ ၁၉၃ ဦးအား တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းဖြင့် ဧက ၁၂၀၀ အတွက် ငွေကျပ် သိန်း ၃၀၀၀




နှင့်ညီမျှသော သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကျင်းပ



ပုသိမ် ဩဂုတ် ၆

ပုသိမ်ခရိုင် ပုသိမ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက် ပန်းခြံလမ်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟ၊ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးမြင့်သူက မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သူနာပြုဦးစီးအရာရှိတစ်ဦးက မိခင်နို့တိုက်ကျွေးရာတွင် စနစ်တကျရှိစေရေးအတွက် ကလေးနှင့် မိခင်အား မှန်ကန်သောအနေအထားနှင့် ထိတွေ့မှုကို လက်တွေ့သရုပ်ပြသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက အခမ်းအနားတက်ရောက်လာသော ကိုယ်ဝန်ဆောင်များ၊ ပြိုင်ပွဲဝင်မိခင်နှင့်ကလေးများအား အာဟာရအစားအသောက်များနှင့် အားဆေးများ ပေးအပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသော မြို့ပြဆေးခန်းတွင် ဆေးဝါးကုသမှုခံယူနေသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ခရိုင်အဆင့်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပသည်။

ဦးစွာ ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရအုပ်စုသုံးအုပ်စု ချက်ပြုတ်နည်းပြိုင်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး အထက(မြို့မ)၊ အထက(တာခွ)၊ အထက(ခွဲ)(ဂျိုးဖြူစံပြ)၊ အထက(ခွဲ)မြို့မ (၃) တို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက အာဟာရအုပ်စုသုံးအုပ်စုပါဝင်သော အစားအစာများကို သရုပ်ပြချက်ပြုတ်ကြရာ အကဲဖြတ်ဒိုင်များဖြစ်သည့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းတင်စန်းရှိန်နှင့် ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အဖွဲ့လေးဖွဲ့၏ ချက်ပြုတ်ထားသည့် ဟင်းလျာများကို အကဲဖြတ်အမှတ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သည့် ယှဉ်ပြိုင်ဆု ဂုဏ်ပြုဆုငွေများနှင့် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကန်သာယာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းတင်ယုဆွေက အမှိုက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်လျှင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပြဿနာများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပလတ်စတစ်ပစ္စည်းများအား အသုံးပြုမှု ပိုမိုများပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို စိန်ခေါ်နေခြင်းကြောင့် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုကြရန်၊ ရုံး၊ ဌာန၊ စာသင်ကျောင်း၊ ဈေးများနှင့် အများပြည်သူသွား လမ်းသွားလမ်းလာနေရာများတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက အမှိုက်အမျိုးအစားအလိုက် အရောင်ဖြင့်ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ အဝါ၊ အစိမ်း၊ အနီ၊ အပြာ အမှိုက်ပုံးအရောင် အမှိုက်အမျိုးအစားလေးမျိုး စွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ကျင်းပ

ကျောက်တန်း ဩဂုတ် ၆

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ်၌ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အာဟာရပြည့်ဝမျှတသည့် အစားအစာများပြင်ဆင်ချက်ပြုတ်နည်းပြိုင်ပွဲကို အုပ်စုသုံးစုဖြင့် ယနေ့ နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သော်ကရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောက်တန်းမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ မို့မို့ခိုင်က အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်ကျောင်းများဖြစ်သော အထက(၂) သန်လျင်၊ အထက(မြယာရိုး) သန်လျင်၊ အထက(၂) သော်ကကျောက်တန်း၊ အထက(မီးပြ) ကျောက်တန်း၊ အထက(၁)သုံးခွနှင့် အထက(ညောင်ပင်ကွင်း) ခရမ်းတို့မှ ကျောင်းသား ကျောင်းသူများက အုပ်စုသုံးစုဖြင့် အာဟာရပြည့်ဝမျှတသည့် အစားအစာများပြင်ဆင်ချက်ပြုတ်ခြင်း သရုပ်ပြပြိုင်ပွဲကို နံနက် ၁၀ နာရီတွင် စတင်ပြီး အကဲဖြတ်ဒိုင်များအဖြစ် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်း ဦးဆောင်သော ဒိုင်အဖွဲ့ဝင်ငါးဦးတို့က ပြိုင်ပွဲဝင်ထားသည့် ဟင်းလျာများကို စိစစ်အကဲဖြတ်၍ အမှတ်ပေးခဲ့ကြရာ ကျောက်တန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သော်ကမှ ပထမဆုရရှိသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား သန်လျင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်းက အဖွဲ့ခြောက်ဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သော ယှဉ်ပြိုင်ဆုငွေများ ပေးအပ်ပြီး ဆုရရှိသော ကျောင်းများအား တာဝန်ရှိသူများက ဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ပြုလုပ်



ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် အာဟာရချက်ပြုတ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး) အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်ကြသော အထက(အင်းတိုင်)၊ အထက(ဒါးပိန်)၊ အထက(ကျွန်းကလေး)၊ အထက(ဘိုးရင်ကလေး)၊ အထက(မြို့မ)၊ အထက(လှည်းကူး) ကျောင်းများမှ အထက်တန်းကျောင်းသား ကျောင်းသူငါးဦးပါ အဖွဲ့ခြောက်ဖွဲ့က မိမိတို့အဖွဲ့လိုက် အာဟာရအုပ်စု သုံးအုပ်စုပါဝင်သည့် အစားအသောက်များကို ပြင်ဆင်ချက်ပြုတ်ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ချက်ပြုတ်ရာတွင် တစ်ကိုယ်ရေသန့်ရှင်းမှု၊ မီးဖိုချောင်သုံးပစ္စည်းများသန့်ရှင်းမှု၊ ပြင်ဆင်ချက်ပြုတ်ခြင်း၊ ချက်ပြီးအစားအစာများ ခင်းကျင်းပြင်ဆင်ခြင်း၊ အရသာကောင်းမွန်မှု စသည်တို့ကို သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးကာ အကောင်းဆုံးယှဉ်ပြိုင်ချက်ပြုတ်နိုင်သည့်အဖွဲ့အား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲချခံခဲ့ရသည့် နှစ် (၈၀) ပြည့် အောက်မေ့ဖွယ်ရာ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

တိုကျို ဩဂုတ် ၆

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချခံခဲ့ရသည့် နှစ် (၈၀) ပြည့် အောက်မေ့ဖွယ်ရာ နှစ်ပတ်လည် အခမ်းအနားကို ယနေ့ ကျင်းပခဲ့သည်။

အဆိုပါနှစ်ပတ်လည်အခမ်းအနားကို ဟီရိုရှီးမား ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့်ဗြိတိန်ကဲ့သို့သော နျူကလီးယား အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံနှင့်ဒေသ ပေါင်း ၁၂၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တက်ရောက်လာသူ များက သေဆုံးသူများအား အောက်မေ့သတိရသည့် အနေဖြင့် ခေတ္တမျှငြိမ်သက်ခဲ့သည်။ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု အလံများလွှင့်ထူကာ ငြိမ်းချမ်း ရေးအတွက် တောင်းဆုပြုခဲ့ကြသည်။

အဏုမြူဗုံးဒဏ်ခံရသူများစာရင်းကို ပန်းခြံရှိ အထိမ်းအမှတ်ကျောက်တိုင်၌ ရေးထိုးထားသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမေရိကန် B-29 ဗုံးကြဲလေယာဉ်များက ဟီရိုရှီးမားမြို့ကို ဗုံးကြဲခဲ့ပြီး ဩဂုတ် ၉ ရက်တွင် နာဂါဆာကီမြို့ကို ဗုံးကြဲခဲ့သည်။

အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာ သူများအဖွဲ့ နီဟွန် ဟီဒန်ကျိုက ယမန်နှစ် ငြိမ်းချမ်း ရေးနိုဘယ်လ်ဆုကို ရရှိခဲ့သည်။ အဆိုပါဆုသည် ကမ္ဘာ့နျူကလီးယားဖျက်သိမ်းရေးလုပ်ရှားမှုများ ဆောင်ရွက်ရာတွင် အရှိန်အဟုန်မြှင့်တင်ပေးနိုင် မည်ဟု မျှော်လင့်ရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ပထမခုနစ်လအတွင်း နိုင်ငံခြားသားခရီးသည် ၁၂ ဒသမ ၂၃ သန်း လာရောက်လည်ပတ်

ဟနွိုင်း ဩဂုတ် ၆

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံခြား သားခရီးသည် ၁၂ ဒသမ ၂၃ သန်း လာရောက်လည်ပတ်ခဲ့သည်။

အဆိုပါ အရေအတွက်သည် ယမန်နှစ်များကထက် ၂၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းသို့ လာရောက် လည်ပတ်သည့် နိုင်ငံခြားသားခရီး သည်များ အနက် ၈၅ ဒသမ ၁ ရာခိုင်နှုန်းသည် လေကြောင်းမှ လာရောက်သူများဖြစ်သည်။

အာရှနိုင်ငံများမှ လာရောက် လည်ပတ်သည့်ခရီးသည်ပေါင်း ၉ ဒသမ ၆ သန်းကျော်ရှိပြီး ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။



နိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာမူဝါဒများ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံတော်ရုံးပိတ်ရက်များနှင့်ပွဲတော်များ ကျင်းပသည့်ကာလဖြစ်ခြင်းကြောင့် နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုအရေအတွက် သိသိသာသာ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# အီဂျစ်နိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းသုတေသန အဆင့်မြင့်ပြတိုက်ကြီး နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်

ကိုင်ရို ဩဂုတ် ၆

အီဂျစ်နိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းသုတေသန အဆင့်မြင့် ပြတိုက်ကြီးကို နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ရန် အီဂျစ်သမ္မတ အယ်လ်စီစီက ယနေ့အတည်ပြုပြောကြားခဲ့သည်။

ပြတိုက်ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ညွှန်ကြားထား ကြောင်း အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မတ်ဘောင်လီက ပြောကြားသည်။

ပြတိုက်ဖွင့်ပွဲကို ကနဦးက ဇူလိုင် ၃ ရက်တွင် ပြုလုပ်ရန် စီစဉ် ထားသော်လည်း အစ္စရေးနှင့် အီရန်ကြား စစ်ရေးပဋိပက္ခများကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါပြတိုက်သည် အထင်ကရ ဂီဇာပိရမစ်များအနီးတွင် တည်ရှိပြီး စတုရန်းမီတာ ၅၀၀၀၀၀ နီးပါးကျယ်ဝန်းသည်။

ယဉ်ကျေးမှုဆိုင်ရာကမ္ဘာ့အကြီးဆုံး ရှေးဟောင်းသုတေသနပြတိုက် ဖြစ်သည့် အဆိုပါပြတိုက်အတွင်း၌ ရှေးဟောင်းလူ့အသုံးအဆောင် ပစ္စည်းများအပါအဝင် ရှေးဟောင်းပစ္စည်းပေါင်း ၅၇၀၀၀ ခန့်ကို ထားရှိ မည်ဖြစ်ကြောင်း အီဂျစ်ခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းသုတေသန ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# လာအိုနိုင်ငံမြောက်ပိုင်း လမ်ပရာဗန်ဒေသတွင် လှေပြိုင်ပွဲကျင်းပမည်

ဗီယင်ကျန်း ဩဂုတ် ၆

လာအိုနိုင်ငံမြောက်ပိုင်း လမ်ပရာဗန်ဒေသ သည် ၎င်း၏ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် လှေပြိုင်ပွဲကို ကျင်းပ မည်ဖြစ်သည်။

လှေပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၂၄ ရက် အထိကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲကာလအတွင်း ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ရောင်းချသည့် ဈေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ အခမ်းအနား များကို ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

ဒေသတွင်းရှိ ခရီးသွားနေရာများကိုလည်း ခရီးသွားများလာရောက်ရေးအတွက် ကြိုတင် စီမံဆောင်ရွက်နေသည်။ လှေပြိုင်ပွဲကိုနှစ်စဉ် ကျင်းပပြီး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရေး ဆောင်ရွက်နေကာ ဒေသခံများအတွက်လည်း လာရောက်လည်ပတ်သည့် ခရီးသွားများ ကြောင့် ဝင်ငွေရရှိမှုများပြားကြောင်း သိရသည်။ လမ်ပရာဗန်ဒေသသည် နိုင်ငံအတွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ ဒေသခံများ၏ လူမှုဘဝများကိုမြှင့်တင်ပေးနေ သည့် ဒေသဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ဂါဇာဒေသတွင် အစ္စရေးက စစ်ရေးလှုပ်ရှားမှုများမြှင့်တင်ဆောင်ရွက်နေခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူ ပြောကြား

ကုလသမဂ္ဂ ဩဂုတ် ၆

ဂါဇာဒေသတွင် အစ္စရေးက စစ်ရေးလှုပ်ရှားမှုများမြှင့်တင် ဆောင်ရွက်နေခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်းနှင့် စစ်ရေးလှုပ်ရှား မှုများကို ရပ်တန့်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့သည်။

ပြောကြား

ဂါဇာဒေသတွင် စစ်ရေးလှုပ်ရှားမှုများဆောင်ရွက်မည်ဖြစ်ကြောင်း မကြာမီက အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုပြောကြားချက်အပေါ် ယခုကဲ့သို့ဆောင်ရွက်ပါက ဂါဇာဒေသရှိ ပါလက်စတိုင်း ဒေသခံများနှင့် ဓားစာခံများအပေါ် အကျိုးသက်ရောက်မှုများရှိမည့်အရေးကို စိုးရိမ်ပူပန်ကြောင်း ဥရောပ၊ ဗဟိုအာရှနှင့် အမေရိကဒေသဆိုင်ရာ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် မီရိုဆလတ်ဂျန်ကာက ပြောကြားသည်။

နိုင်ငံတကာဥပဒေအရ ဂါဇာဒေသသည်အနာဂတ်ပါလက်စတိုင်း နိုင်ငံ၏ အစိတ်အပိုင်းဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြစ်မှုကျူးလွန်ခြင်းဖြစ်

အစ္စရေးသည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများဝင်ရောက်ရေးကို ကန့်သတ်နေကြောင်း၊ စားရေရိက္ခာရယူ နေသည့် အရပ်သားများကို တိုက်ခိုက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ကြောင်း၎င်းက မှတ်ချက်ပြုပြောကြားသည်။

ဂါဇာဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများပြီးဆုံးစေရေးနှင့် ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက် ရှိသည်။



၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဖမ်းဆီးရမိမှု။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ဇူလိုင်လအတွင်း သတင်းရရှိမှု ၄၆ ကြိမ် ရရှိခဲ့ပြီး သတင်းမှား လေးကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု သတင်းမှန် အကြိမ် ၄၀ ဖြစ်ကာ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၈၅ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း အမျိုး ၅၀ အပါအဝင် ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၄ ဒသမ ဝ၁၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၄ ဒသမ ဝ၁၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၁၈ ဒသမ ၈၀၄ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ဝ၉၄ဝ၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-ဝ၆၇-၄ဝ၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြဝတီခရိုင်စားသုံးသူရေးရာကော်မတီ အစည်းအဝေးကျင်းပ

မြဝတီ ဩဂုတ် ၆

ကရင်ပြည်နယ် မြဝတီခရိုင် စားသုံးသူရေးရာကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းနှင့် စားသုံးသူရေးရာကော်မတီအဖွဲ့ဝင်များ၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနိုင် က စားသုံးသူကာကွယ်ရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် စားသုံးသူရေးရာကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြကာ အစည်းအဝေးတက်ရောက်ခဲ့ကြသည့် ကော်မတီဝင်များမှ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ပြီး မြဝတီခရိုင် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ထားဝယ် ဩဂုတ် ၆

လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (LMLECC) မှပေးပို့သည့် ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်တွင်း အခွန်များဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက လန်ချန်း - မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (LMLECC)မှ ပေးပို့သည့် ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အရပ်ရပ်ဆိုင်ရာ ကိစ္စရပ်များအကြောင်း၊ ဝန်ထမ်းအယောင်ဆောင်၍ အခွန်ထမ်းပြည်သူများထံ လိမ်လည်မှု မဖြစ်ပွားစေရေးအတွက် အသိပညာပေး ရှင်းလင်းဆွေးသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**




# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဩဂုတ် ၆

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးတာဝန်ခံအရာရှိက ဗိုလ်တထောင်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အာမခံအလုပ်သမား ဦးနေလင်းဟန် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၉၇၂ဝဝဝဝ အား သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်မိုးမိုးဆန်းထံသို့ တာဝန်ရှိသူများရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ဇီးကုန်းမြို့နယ်၌ ဥပဒေအရကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆွေးနွေး

ဇီးကုန်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ၃၁-၁၂-၂၀၂၅ ရက်တွင် အသက်(၁၈)နှစ်ပြည့်မည့်သူများနှင့် ပြည့်ပြီးသူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး လုပ်ငန်း ဆွေးနွေးပွဲကို ယနေ့တွင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ဦးစီးမှူး ဒေါ်ကေသီဝမ်းက ဥပဒေအရကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး




ထုတ်ပေးနိုင်ရေးလုပ်ငန်းဆိုင်ရာ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေး၍ မြို့နယ်ဦးစီးမှူး ဦးထွန်းအေးက အချက်အလက်မှန်ကန်စေရေး၊ လုပ်ငန်းမြန်ဆန်စေရေး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

**❍ အာရှဖလားမှ**

ခြေစစ်ပွဲအောင်မြင်ရေး ပွဲတိုင်းအရေးပါနေသဖြင့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တာ့ခ်မင်နစ္စတန်အသင်း ဂိုးစတင်ရရှိပြီး ဘာဘာယီဗာက ခေါင်းတိုက်ပြီး ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သလို မိုးသည်းထန်စွာ ရွာသွန်းလာသဖြင့် တာ့ခ်မင်နစ္စတန်အသင်း ကစားပုံပျက်သွားပြီး မြန်မာအသင်းအတွက် အခွင့်အရေးဖြစ်လာခဲ့သည်။ ၁၄ မိနစ်တွင် အိသက်ဖြိုးက မြန်မာအသင်းအတွက် ချေပဂိုး ပြန်သွင်းပြီးနောက် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၂၅၊ ၄၂ မိနစ်တွင် ဒေစီအောင်၊ ၂၈ မိနစ်တွင် အိသက်ဖြိုးတို့က ဂိုးများထပ်သွင်းကာ ပထမပိုင်းအပြီးတွင် လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ပွဲကိုထိန်းကစားသွားပြီး ၅၄ မိနစ်တွင် အိသက်ဖြိုး၊ ၆၆ မိနစ်တွင် ယဉ်လွန်းအိမ်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူကာ ပွဲအပြီးတွင် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော် ဓာတ်ပုံ-စိုးညွန့်သော်**

**☆ ကျောဖုံးမှ**

ယခုပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲနောက်ဆုံးနေ့ကို ဩဂုတ် ၇ ရက် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲနှင့် တတိယလုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။



ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပြိုင်ပွဲပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၇ ရက် နံနက် ၉ နာရီမှ စတင်၍ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပြိုင်ပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍက ငါးများ မွေးမြူထုတ်လုပ်

ပဲခူး ဩဂုတ် ၆

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဝယ်ယူစားသုံးနိုင်ရန် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ကျောက်တံခါး၊ လက်ပံတန်းနှင့် သဲကုန်းမြို့နယ်တို့ရှိ ငါးကန်ထုတ်သမဝါယမအသင်းတို့၏ အသင်းပိုင်ငါးကန်များ၌ ငါးမျိုးစုံ မွေးမြူထားရှိသည်။

အဆိုပါ အသင်းပိုင်ငါးကန်များအနက် ကျောက်တံခါးမြို့နယ် ကန်သာယာငါးကန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေငါးမွေးမြူရေးကန်ထုတ်သမဝါယမအသင်းတို့၏ ငါးမွေးမြူရေးကန်များမှ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးခေါင်းပွနှင့် ငါးကြင်း ၁၅၉၁၄ ဒသမ ၀၈၁ ပိဿာကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ မြန်မာမှ

မြန်မာ ယူ-၂၂ အသင်းသည် ယခုလဆန်းပိုင်းတွင် ပြန်လည်လေ့ကျင့်ပြီးနောက် ဒုတိယမြောက် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ယခုပွဲမတိုင်မီက မြန်မာ ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားများ အသုံးပြုခဲ့သလို ပွဲချိန်အတွင်း ကစားသမားလဲလှယ်အသုံးပြုခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် နှစ်ကြိမ်တိုင် နောက်မှလိုက်ကစားကာ သရေကျခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး နှစ်ဂိုးစလုံးကို အောင်မျိုးခန့်က သွင်းယူပြီး မြန်မာ ယူ-၂၂ အသင်းအတွက် ချေပဂိုးများကို မင်းမော်ဦးနှင့် မိုးဆွေတို့က သွင်းယူသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လိဂ်ပြိုင်ပွဲမစတင်မီ ခြေစမ်းပွဲလေးပွဲကစားရာ သုံးပွဲနိုင် တစ်ပွဲသရေကျခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲယှဉ်ပြိုင်ပြီးနောက် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-မောင်စံကြီး**

**ဓာတ်ပုံ-MNL**



## ပင်လုံတက္ကသိုလ်၌ ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

ပင်လုံ ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပင်လုံတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပင်လုံတက္ကသိုလ် အနုပညာဌာနကျောင်းသား ကျောင်းသူများက အလှပန်းများပွင့်ဝေ ပင်လုံတက္ကသိုလ်မြေ သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ထာဝရမြန်မာသီချင်းဖြင့် သရုပ်ဖော်ကပြ၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နီလာမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကာယအလှမယ်ပြိုင်ပွဲကို ကျင်းပကာ ပြိုင်ပွဲအပြီးတွင် နှစ်သိမ့်ဆုရရှိသူများ၊ Popular Award၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကာယအလှမယ်များအား ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **လွိုင်လင်မိုး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Tharaphu Soe Myint Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Avatr 12 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယောက္ခမနှင့် ချွေးမ

**ပီမိုးနှင်း**

ယောက္ခမနှင့် ချွေးမတို့သည် အများအားဖြင့် မသင့်မတင့် ဖြစ်တတ်ကြသည့် အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အထက်ကျော် အခါကရေးခဲ့ရာ၌ ယောက္ခမများ၏အပြစ်များကို ဖော်ပြခဲ့ဖူးလေသည်။ သို့အတွက် ယခုတစ်ဖန် ချွေးမများ၏အပြစ်ကို အနည်းငယ် ဖော်ပြ သတိပေးအပ်ပေကြောင်း။

လူသတ္တဝါတစ်ဦးနှင့်တစ်ဦး ဆွေမျိုးဖြစ်စေ၊ သူစိမ်းဖြစ်စေ မသင့်မတင့် ဖြစ်ကြသည့်အခါ၌ တစ်ယောက်တည်းမှာသာ အပြစ်ရှိသည်မဟုတ်။ နှစ်ဦးနှစ်ယောက်မှာပင် အပြစ်ရှိတတ်လေသည်။ သို့ဖြစ်၍ မည်သူက အကောင်းသားကလား၊ ဘယ်သူက ဆိုးတာဟူသောစကားများသည် အခါများစွာ မှားတတ်သည်သာမက ပြောင်းပြန်ဖီလာ အထင်နှင့်အမြင် ကွာတတ်လေသည်။

တစ်ရံတစ်ခါ တစ်ယောက်ယောက်ကစ၍ မှားပြီးအမှားကို ဝန်မခံသဖြင့် နောက်တစ်ယောက်က မခံချင်သောစိတ်နှင့် ပြန်လှန်ပြောဆို ပြုကျင့်ရာ၌ ပထမစ၍မှားသူထက် ပိုမို၍မှားတတ်လေသည်။

ယောက္ခမနှင့် ချွေးမတို့၏ မသင့်မတင့်ခြင်း၌ ထိုနည်းမျိုးတွေ လွန်စွာများလေသည်။

သို့သော်လည်း ချွေးမလုပ်သူက သတိထားပြီး ယောက္ခမ၏ စိတ်နေသဘောထားကို သိအောင်ကြံတတ်ချေက မသင့်မတင့်ဖြစ်ဖို့ နည်းလမ်းများလည်း နည်းပါးဆုတ်ယုတ်ဖို့ရှိလေသည်။

ယောက္ခမတို့၏စိတ်၌ မိမိတို့၏သားကို မိမိတို့သာပိုင်သည်။ အခြားမိန်းမတစ်စုံတစ်ယောက် လာရောက်ပိုင်ဆိုင်ဖို့ရန် နည်းလမ်းမရှိဟု အယူရှိတတ်ကြလေသည်။

ထိုကဲ့သို့ အယူရှိသည်ကိုသိလျက် မိမိကို မယား၏ရာထူးမှ နှမ၏ ရာထူးသို့ လျှောမှန်းမသိလျှောကာ ယောက္ခမကို ယောက္ခမဟူ၍သဘော မထားဘဲ မိခင်ဟူ၍သဘောထားပြီး မိမိကိုယ်ကို သမီးအဖြစ်သို့ ရောက်အောက် အခြားသမီးများ၏ အမူအရာအသုံးအနှုန်းကို လိုက်တတ်မည်ဆိုလျှင် မိမိ၏စိတ်နေသဘောထား လွန်စွာမဆိုးမယုတ်ချေက ယောက္ခမ၏ မုန်းထားခြင်းကို ခံရရန် နည်းလမ်းရှိလိမ့်မည်မဟုတ်ချေ။

ဤလို စိတ်နေသဘောထားမျိုးကိုရရှိရန် ကြိုးစားရာ၌ အထူး သတိပြုရန် အချက်တစ်ခုရှိလေသည်။ ထိုအချက်သည်ကား လင်၏ပြုမူ ပြောဆိုခြင်း၊ ယောက္ခမ၏ ပြုမူပြောဆိုခြင်းတို့၌ အဓိပ္ပာယ်အယူ အကောက်မှားပြီး သုန်မှုန်စူဆောင့်ခြင်းများ ဖြစ်လေသည်။

မိမိ၏ လင်ယောကျ်ားသည် မိမိကို ဂရုစိုက်ကာ ကောင်းစွာရှာဖွေ လုပ်ကျွေးသူမှန်ချေက အဘယ်အရာကိုမှ ပူစရာမရှိ။ ယောက္ခမက မိမိအပေါ်မှာ ဘယ်သို့ ဘယ်ညာ ပြောသည်၊ ဘယ်သို့ဘယ်ညာ သဘောထားသည်ဟူသော အကြောင်းအရာတို့ကို တွေးခေါ်သူပင် မရှင်မလန်းဖြစ်ကာ မခံချင်စိတ်ပေါက်၍ နေဖို့မရှိချေ။ အကြောင်းမူကား လင်သာလျှင် ပဓာနဖြစ်လေသည်။ မတော်တဆ၊ ယောက္ခမ မိဘကတစ်မျိုးတစ်မည် မှတ်ထင်စေကာမူ အမှတ်တမဲ့နေကာ သားမယားဝတ်ကို ကျေပွန်အောင်ပြုချေက ယောက္ခမဖြစ်သူ စိတ်နေ သဘောထားပြောင်းလဲရန်ရှိလေသည်။

ယောက္ခမတို့မည်သည် ချွေးမကိုရလျှင် ငါ့သားဟာ အဘယ်လို အရှင်သခင်မ၏ လက်အောက်၌ ကျွန်တော်မျိုး ခံရပေသနည်းဟူ၍ စဉ်းစားကာ အကဲခတ်တတ်လေသည်။ ထိုအကဲခတ်သည့်အခါ၌ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်မှားစရာ နည်းလမ်းတွေ များစွာရှိလေသည်။

မိခင်တို့မည်သည် သားဖြစ်သူကို ကိုးလလွယ်၊ ဆယ်လမွေးပြီး ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ အိပ်ကောင်းကြီး မအိပ်ရ၊ စားကောင်းကြီးမစားရဘဲ ယုယပိုက်ထွေး၊ ကျွေးမွေးသုတ်သင်၍လာခဲ့ပြီးနောက် လူလားမြောက်သည်နှင့်တစ်ပြိုင်တည်း ချွေးမ တည်းဟူသော သခင်မကလေးတစ်ယောက်၏လက်သို့ တစ်ပါတည်း ဆက်သလိုက်ရသည့်အခါ ငါ့သားဟာ သူများသမီးကို လုပ်ကျွေးရတော့ မယ်၊ ပူပူပင်ပင်ရှာရကြံရ ပင်ပန်းရတော့မယ်၊ အိမ်ထောင်မှုခေါ်တဲ့ အရာမှ တာဝန်ကြီးကိုထမ်းရ၊ ရုန်းရတော့မယ် စသည်ဖြင့် ပူပင်မြဲ ဖြစ်တတ်ကြလေရာ လိမ္မာသောချွေးမသည် ထိုအပူကို အေးအောင် လုပ်တတ်ကိုင်တတ်၊ ပြောတတ်ဆိုတတ်၊ ကြံတတ်စည်တတ်လျက် ငါ့ယောကျ်ားရဲ့ မိခင်ဟာ ငါ့မိခင်ပဲ၊ ငါ့မိခင်ပြောတာ ဆိုတာကို ငါခံရ သလို ငါ့ယောက္ခမ ပြောတာဆိုတာကိုလည်း ငါခံမယ်။ လူကြီးဆိုတာ မတော်တဆ အထင်အမြင်လည်း မှားတတ်တယ်။ မှားတဲ့အခါ မှားပါ စေ၊ တဖြည်းဖြည်းသိတဲ့အခါ သိလိမ့်မယ်ဟု သဘောထားကာ ချစ်ခင် စွာနေလျက် အထင်လွဲသည့်အခါ မလွဲရအောင် ပြေပြစ်စွာ ပြောတန် လျှင်ပြော၊ ပြောလို့ မဖြစ်သေးရင်လည်း သည်းညည်းခံကာ အဟုတ် တကယ် ချွေးမစိတ်ဖျောက်၊ သမီးစိတ်ရောက်ချေက မသင့်မတင့်ခြင်း အရေးတို့သည် အများကြီးအေးဖို့ ရှိပေကြောင်း။ ။

ဗန္ဒုလ၊ ၁၅ရက်၊ ဇွန်လ၊ ၁၉၂၇ ခုနှစ်။

**လူသတ္တဝါတစ်ဦးနှင့်တစ်ဦး ဆွေမျိုးဖြစ်စေ၊ သူစိမ်းဖြစ်စေ မသင့်မတင့်ဖြစ်ကြသည့်အခါ၌ တစ်ယောက်တည်းမှာသာ အပြစ်ရှိသည်မဟုတ်။ နှစ်ဦးနှစ်ယောက်မှာပင် အပြစ်ရှိတတ်လေသည်။ သို့ဖြစ်၍ မည်သူက အကောင်းသားကလား၊ ဘယ်သူက ဆိုးတာဟူသောစကားများသည် အခါများစွာ မှားတတ်သည်သာမက ပြောင်းပြန်ဖီလာ အထင်နှင့်အမြင် ကွာတတ်လေသည်။**

**တစ်ရံတစ်ခါ တစ်ယောက်ယောက်ကစ၍ မှားပြီးအမှားကို ဝန်မခံသဖြင့် နောက်တစ်ယောက်က မခံချင်သောစိတ်နှင့် ပြန်လှန်ပြောဆို ပြုကျင့်ရာ၌ ပထမစ၍မှားသူထက်ပိုမို၍ မှားတတ်**

# ရောက်လေရာမှာ ကြိုဆိုစေလိုလျှင်...

**ခင်မောင်ညို (ဘောဂဗေဒ)**

(၁၀-၇-၂၀၂၅ ရက်နေ့မှအဆက်)

သူ လောင်စာရောင်းရန် အဆင်မပြေခဲ့သော ကုန်တိုက်ကို သူပြန်သွားသည်။ 'ကျွန်တော် လောင်စာရောင်းမလို့ လာတာမဟုတ်ဘူး၊ အကူအညီတစ်ခု တောင်းစရာရှိလို့လာတာ။ ကျွန်တော်တို့ စကားရည်လုပွဲအတွက် အချက်အလက်လေးတွေ လိုချင်လို့ပါ။ ခင်ဗျားတို့ကလွဲရင် ဘယ်နေရာကမှ ရမယ်မထင်ဘူး။ ဒီစကားရည်လုပွဲကို ကျွန်တော် မနိုင်မှာစိုးတယ်။ ခင်ဗျားတို့ကူညီရင်တော့ ကျွန်တော် ကျေးဇူးဆပ်လို့ ကုန်နိုင်မှာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ ကျေးဇူးကိုလည်း ကျွန်တော် သိနေမှာပါ"ဟု ပြောပြ တောင်းပန်သည်။ ထိုအခါ တွေ့ကြုံရပုံကို သူ ပြောပြသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

'ကျွန်တော်က တစ်မိနစ်လောက်ပဲ အချိန်ပေးပါလို့ ပြောထားတာ။ သူကကျွန်တော့်ကိုတွေ့နိုင်တယ် ဆိုရင်ပေါ့လေ။ ကျွန်တော်နဲ့တွေ့တော့ ကုလားထိုင်မှာထိုင်ခိုင်းပြီး တစ်နာရီနဲ့ မိနစ်လေးဆယ်တိတိ ပြောတော့တာပဲ။ ကုန်တိုက်တွေအကြောင်း စာအုပ်ရေးဖူးတဲ့ တခြားအမှုဆောင်အရာရှိတစ်ယောက်ကိုလည်း ထပ်ခေါ်လိုက်သေးတယ်။ ကုန်တိုက်ကြီးများ အသင်းကိုစာရေးပြီး စာအုပ်တစ်အုပ်လည်း တောင်းပေးလိုက်သေးတယ်။ သူကကုန်တိုက်တွေဟာ လူ့အဖွဲ့အစည်းကို အကျိုးပြုတယ်လို့ခံယူတယ်။ သူလုပ်နေတဲ့ အလုပ်အတွက်လည်း ဂုဏ်ယူတယ်။ အဲဒီအကြောင်းတွေပြောရင်းနဲ့ သူ့မျက်လုံးက အရောင်တွေတောက်လာတယ်။ သူက ကျွန်တော့်ကို မျက်စိဖွင့်ပေးလိုက်တာပဲ။ ကျွန်တော့်ရဲ့စိတ်သဘောထားတွေလည်း တစ်ခါတည်း ပြောင်းသွားတော့တယ်။

'ကျွန်တော် ပြန်ထွက်လာတော့ ကျွန်တော့်ပခုံးကိုဖက်ပြီး တံခါးဝအထိလိုက်ပို့တယ်။ စကားရည်လုပွဲ နိုင်ပါစေလို့တောင် ဆုတောင်းပေးလိုက်သေးတယ်။ စကားရည်လုပွဲပြီးရင် အခြေအနေဘယ်လိုလဲဆိုတာ သိရအောင် လာတွေ့လှည့်ပါတဲ့။ ပြီးတော့ နောက်ဆုံး သူဘာပြောလိုက်တယ်မှတ်သလဲ။ လာခဲ့ဦး။ မင်းဆီက လောင်စာမှာချင်လို့တဲ့။

'ကျွန်တော့်အတွက်ကတော့ တကယ့်အံ့ဖွယ်သရဲပါပဲ။ ကျွန်တော်က ဝယ်ပါလို့မပြောရဘဲနဲ့ ဝယ်နေတော့တယ်။ နှစ်နာရီလောက် သူနဲ့ သူ့ရဲ့ပြဿနာတွေကို တကယ်စိတ်ဝင်စားပြလိုက်တာဟာ ကျွန်တော်နဲ့ ကျွန်တော့်ပစ္စည်းကို သူစိတ်ဝင်စားအောင် ဆယ်နှစ်လောက် ကြိုးစားတာထက်အများကြီး အကျိုးရှိသွားတယ်"

စိတ်ပါဝင်စားကြောင်း ရိုးရိုးသားသားပြသရပါမည်။ စိတ်ဝင်စားသူရော၊ စိတ်ဝင်စားခံရသူပါ နှစ်ဦးနှစ်ဖက် အကျိုးရှိပါသည်။ အမှန်စင်စစ် နက်ပ်ပ်ဟဲလ်သည် အခြားသူများ ရှာဖွေတွေ့ရှိခြင်း မရှိသေးသော သစ္စာတရား အသစ်အဆန်းတစ်ခုကို ရှာဖွေတွေ့ရှိခြင်းမဟုတ်ပါ။ ခရစ်တော်မပေါ်မီ နှစ်တစ်ရာလောက်က ပတ်ဗလီလီးယပ်ဆိုင်းရပ်စ်ဆိုသည့် ကဗျာဆရာကြီးတစ်ဦးက **"ကျွန်တော်တို့အပေါ်စိတ်ဝင်စားသည့်သူကိုသာ ကျွန်တော်တို့စိတ်ဝင်စားသည်"**ဟု မှတ်ချက်ပြုခဲ့ဖူးသည်။

လောင်းအိုင်လန်၌ သင်တန်းပေးစဉ်က သင်တန်းလာတက်သော မာတင်းဂင်းစ်ဘာ့ဂ်သည် သူနာပြုဆရာမတစ်ယောက်၏ အထူးဂရုတစိုက်ရှိမှုကြောင့် သူ့ဘဝပြောင်းသွားပုံကို ပြောပြသည်။

'အဲဒီတုန်းက ကျွန်တော် ဆယ်နှစ်သားပဲရှိသေးတယ်။ ရက်ကလည်း မှတ်မှတ်ရရ ကျေးဇူးတော်နေ့ပေါ့။ ကျွန်တော်ဟာ ဆေးရုံတစ်ရုံထဲက အခမဲ့လူနာခန်းမှာ တက်နေရတယ်။ နောက်နေ့မှာ ခွဲစိတ်ကုသခံရတယ်။ ခွဲစိတ်ပြီးရင် လပေါင်းများစွာကြာအောင် ခွဲစိတ်ထားတဲ့ ဝေဒနာဒဏ်ကို ခံရဦးမယ်။ ကျွန်တော့်အဖေကလည်း သေသွားပြီ။ ကျွန်တော့်အမေနဲ့ ကျွန်တော်ပဲ အလုပ်လက်မဲ့တွေအတွက် ပေးထားတဲ့ တိုက်ခန်းကျဉ်းကျဉ်းလေးမှာနေကြတာ။ အမေကလည်း အဲဒီနေ့က ကျွန်တော့်ဆီကိုမလာနိုင်ဘူး။

ကျွန်တော် တစ်ယောက်တည်းဆိုတော့ စိတ်ကလည်းညစ်၊ အထီးကျန်ကလည်းဖြစ်၊ ကြောက်လည်း ကြောက်နဲ့ပေါ့။ အမေတစ်ယောက်တည်း အိမ်မှာ စိတ်ပူနေမယ်ဆိုတာကိုလည်း ကျွန်တော်သတိရတယ်။ အဖော်လည်း ရှိမှာမဟုတ်ဘူး။ ညစာလည်း တစ်ယောက်တည်း စားရရှာမှာပဲ။ ကျေးဇူးတော်နေ့ ညစာစားပွဲလုပ်ဖို့ ပိုက်ဆံတောင်ရှိမှာမဟုတ်ဘူး။ ဒီအကြောင်းတွေတွေးမိတော့ မျက်ရည်တွေက ထိန်းလို့မရတော့ဘူး။ မျက်လုံးထဲမှာ အိုင်ထွန်းနေပြီ။ ဒါနဲ့ ခေါင်းကို ခေါင်းအုံးနဲ့ဖိပြီး အပေါ်က စောင်အုပ်လို့ ကျိတ်ငိုရတော့တယ်။ တိတ်တိတ်ကျိတ်ငိုပေမယ့် ခါးခါးသီးသီးဖြစ်နေတော့ တစ်ကိုယ်လုံးလည်း နာကျင်ပြီး တုန်နေတာပေါ့။

'အဲဒီလို ငိုနေတုန်း သူနာပြု ကျောင်းသူလေး တစ်ယောက်က ကျွန်တော်ငိုနေတာကိုကြားပြီး လာကြည့်တယ်။ မျက်နှာပေါ်က ခေါင်းအုံးတွေ၊ စောင်တွေကို ဖယ်ပြီးတော့ မျက်ရည်တွေသုတ်ပေးတယ်။ သူလည်းဘယ်လောက် အထီးကျန်နိုင်တဲ့ အကြောင်း၊ မိသားစုနဲ့အတူမနေနိုင်ဘဲ အလုပ်လုပ်နေရတဲ့ အကြောင်းတွေ ပြောပြတယ်။ သူနဲ့ညစာအတူ စားနိုင်မလားလို့မေးတယ်။ ပြီးတော့ ကြက်ဆင်၊ အာလူး၊ အချဉ်နဲ့ အချိုတည်းစရာ ရေခဲမုန့်ထည့်ဖို့ ပန်းကန်နှစ်ချပ် ယူလာတယ်။ စကားပြောရင်းနဲ့ ကျွန်တော် စိတ်အေးလက်အေး ဖြစ်လာတယ်။ ညနေလေးနာရီမှာ သူ့တာဝန်ပြီးပေမယ့် ည ၁၁ နာရီအထိ နေပေးသွားတယ်။ ကစားနည်းတွေတောင် ကစားသွားသေးတယ်။ နောက်ဆုံး ကျွန်တော် ပေါ့ပေါ့ပါးပါး ဖြစ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတဲ့ အချိန်ရောက်မှ သူပြန်သွားတယ်။

'အခုဆိုရင် ကျွန်တော် ကျေးဇူးတော်နေ့ပေါင်း များစွာကို ကြုံတွေ့ခဲ့ပြီ။ ဒါပေမဲ့ အခု ကျွန်တော် ပြောပြတဲ့ ကျေးဇူးတော်နေ့ကိုတော့ ဘယ်တော့မှ မမေ့ဘူး။ အကြောက်တရား၊ အထီးကျန်ဆန်မှု၊ သောကတွေကို ခံနိုင်ရည်ရှိအောင် သူစိမ်းတစ်ယောက်က မေတ္တာတွေ၊ အကြင်နာတွေနဲ့ ဖြည့်ဆည်းပေးသွားခဲ့တယ်'

အခြားသူတွေက သင့်ကို သဘောကျစေလိုလျှင်၊ တကယ့်မိတ်ဆွေစစ် မိတ်ဆွေမှန်တွေကို လိုချင်လျှင်၊ ကိုယ့်ကိုယ်ကိုယ် ကူညီသလို အခြားသူများကိုလည်း ကူညီလိုလျှင်...

**သူတစ်ပါး အရေးကိစ္စကို အမှန်တကယ် စိတ်ဝင်စားပါ။**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၂၇၃)၊ (၃)ခန်းတွဲ(၈)ထပ်တိုက် အနက် ၄-လွှာ(A) (ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၆ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်း/ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ငွေစိုး[၉/ရမသ(နိုင်)၀၉၀၆၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိုးမြင့်အောင်[၁၂/တမန(နိုင်)၁၀၈၈၆၉]ကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင် (LL.B,D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

**“ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရွာမအရှေ့ပိုင်း၊ အကျယ်အဝန်း(၆၈x၁၆၅) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် မီတာ၊ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”**တို့ကို **ဒေါ်စိုးစိုးမာ[၁၂/ကခက(နိုင်)၀၅၇၄၉၅]** မှ လက်ရှိထားပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်မြို့။ Ph-09-254405798, 09-785610847**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းအမှတ်-၆ဒီ၊ ၁၄၊ ၁၅၊ ၁၆၊ လူနေရပ်ကွက်-ကြို့ကုန်း(အရှေ့)၊ ၈လမ်း(မြောက်)၊ မြေကွက်အမှတ်-၃၃၄/အေ၊ အိမ်အမှတ်-၆၂၂(က)၊ အကျယ်အဝန်း(၂၅x၆၉)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်တိုက်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးမင်းခိုင်၊ ဒေါ်ဖြိုးဖြိုးစံတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေးမှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နီနီအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွန်း(LL.B,D.B.L,D.I.R,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၈၈၄)**
**Ph:09-953499790**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ဗိုလ်ထွန်းဇံ၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၉၆)၊ ဗိုလ်တေဇလမ်း၊ တိုက်အမှတ်(၅၅)ဟုခေါ်တွင်သော(၂)ခန်းတွဲခြောက်ထပ်တိုက်၏ တတိယထပ်(၄လွှာ)(ခြေရင်းခန်း)ဟုခေါ်တွင်သော(အလျား၁၂ပေxအနံ၄၈ပေ)အကျယ်ရှိ လူနေတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်ရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကမ်းလှမ်းသူ ဒေါ်မိမိ[၉/ဝတန(နိုင်)၀၀၇၃၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိလှဲ့ဝင်းကြိုင် LL.B, LL.M (International Laws)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၇၂)**
**ရုံးခန်း- တိုက်(၂)၊ အခန်း(၁၅)၊ လှည်းတန်းလမ်းမ၊ (၃)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၆၉၃၂၉၉၃၆၊ ၀၉-၈၈၇၇၇၅၈၃၈**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၃) လမ်း၊ အမှတ်(၆၄၁/က)ဟု ခေါ်တွင်သော(အလျား၂၀ပေxအနံ၆၂/၆၃ပေ)**ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် **ဒေါ်လှဝင်း[၆/ကသန(နိုင်)၀၂၈၄၉၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် **ဒေါ်မေသဇင်[၁၂/ဒဂရ(နိုင်)၀၀၉၁၈၇]**က ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်**အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းပွင့်လှိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၂၈၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်း(၁၀)ခုနှင့် တင်ဒါခေါ်ဝယ်ယူမည့် ပစ္စည်းများ(4C x 25mm² PVC Cable နှင့် ရေဆေး)ဝယ်ယူခြင်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၇-၈-၂၀၂၅ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - | ၂၁-၈-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် -

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေ မအောင်လိန်းပိုင်(ခ)မစံအိမ်မှူး[၁၂/လမန(နိုင်)၀၃၈၈၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

မအောင်လိန်းပိုင်(ခ)မစံအိမ်မှူး၏ အင်တာနက်ကွန်ရက်ဖြစ်သော Facebook တွင် Acc Name-San Eain Mhu နှင့် ဖွင့်လှစ်ပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုမှ သော်လည်းကောင်း၊ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် FB, TikTok, Viber, Telegram, Youtube အစရှိသော Online app များတွင် ဂုဏ်သိက္ခာကျဆင်းစေရန် စကားလုံးများ၊ နစ်နာစေမည့်စကားလုံးများကို Comment, Messenger တို့တွင် ပြောဆိုရေးသားခြင်း၊ တစ်ဆင့်ပြန်လည်မျှဝေခြင်းမပြုရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ရာဇဝတ်ကြောင်းဖြင့်သော်လည်းကောင်း၊ တရားမကြောင်းဖြင့်သော်လည်းကောင်း အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်လတ်[B.A(Law), LL.B(Advocate)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၈၃)**
**ဖုန်း-၀၉-၂၅၁၁၀၇၇၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၁၆၈၊ ၅၄-လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၄၄/ခ)၊ ဧရိယာ(၀.၀၅၃)ဧကေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ဦးလှကြီး(ISN - ၁၁၈၈၂၄)အမည်ပေါက်ဖြစ်ပြီး မြေအမည်ပေါက်ကွယ်လွန်ပြီးနောက် ယခုရောင်းသူ ဒေါ်ထားထားရီ[၁၂/လမန(နိုင်)၀၆၀၇၂၇]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၆၁၁၇/၂၀၂၂)ဖြင့် အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂) ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၉၅) တွင်ဖွင့်လှစ်ထားသော **ASOKA TYRE CO.,LTD** ( ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၇၂၈၄၂၇၃/၂၀၀၄) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်- ၆၄၄၃/၂၀၂၅ ( ၁-၈-၂၀၂၅ ) ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်-

ZEETEX

မှတ်ပုံတင်စာချုပ်အမှတ်- ၆၄၄၃/၂၀၂၅

အထက်ပါ **"ZEETEX"** ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် မော်တော်ယာဉ်များ နှင့် စက်ယန္တရားများ မောင်းနှင်ရာတွင် အသုံးပြုသည့် တာယာ၊ အကြီး၊ အသေးများကို ပြည်ပနိုင်ငံမှ မှာယူတင်သွင်းကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချရာတွင် ယင်းကုန်ပစ္စည်းများပေါ်၌ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီး ရိုက်နှိပ်၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အတုပြုလုပ်ခြင်း၊ ဆင်တူယိုမှားပြုလုပ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်အသုံးပြုခြင်းအား တွေ့ရှိရပါက ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်နစ်နာမှုအတွက် ဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်ကိုကိုဦး (**LL.B**)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)
အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၁၁၆၉၄၆၀၊ ၀၉၇၉၁၅၁၈၅၁၆

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၂၄)ရှိ (၂)ခန်းတွဲ(၈)ထပ်တိုက်၏ ပထမထပ်(၂-လွှာ/ခေါင်းရင်းခန်း)တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့အား (၂၅-၃-၂၀၁၈)ရက်စွဲပါစာချုပ်အရ တရားဝင်ပိုင်ဆိုင်ကာလက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်ဆွေဆွေရီ** (၆/မအရ(နိုင်)၀၂၇၉၅၃)ထံမှကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နွယ်နွယ်နိုင်** (၁၄/ဟသတ(နိုင်)၀၃၂၂၀၄)ကဝယ်ယူရန် (၅-၈-၂၀၂၅)ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊အလုံမြို့နယ်၊ကမ်းနားလမ်း၊ **Paragon Residence**၊(၁၉)လွှာ၊ အခန်းအမှတ်(၁၉၀၅)၊ အကျယ်အဝန်း(၁၆၅၀)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ယုယုဝင်း(၁၂/လသန(နိုင်)၀၁၅၂၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| ဒေါ်လီမွာဦး(LL.B) | ဒေါ်နော်စိုးစံထူး(LL.B) | ဒေါ်ဆုလှဲ့လှဲ့နိုင်(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ(စဉ်-၅၁၄၅၆) | အထက်တန်းရှေ့နေ(စဉ်-၅၀၀၉၃) | အထက်တန်းရှေ့နေ(စဉ်-၅၅၂၅၄) |

**09-403561790, 09-409661188, 09-458887918, 09-408098822**
အမှတ် **(1/A2)**၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အရှေ့၊ မြေကွက်အမှတ်-၁၂၈၀/ခ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၈၀)၊ အောင်သုခ(၂၆)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်ဦး(KYN-၁၆၀၃၅၇)၊ ဦးအေးလှိုင်(KTN-၀၅၉၆၅၄)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တို့ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သာကေတမြို့နယ်၊ မြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ဂရန်မိတ္တူမှန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၈ နှင့် ဆက်နွယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၃

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်ဝင်းမာအောင်
(၎င်းကိုယ်စား-ဒေါ်သီတာဌေး-
Vice President)
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၅၉/၂၇)နေ တရားရှုံးဒေါ်ဝင်းမာအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၃၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဦးဇော်လင်းအောင်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မဟာလမ်းစင်တာ၊ အမှတ်(၅၆)၊ အခန်းအမှတ်(၂၀၇) **Sunjin Myanmar Co; Ltd** ၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လူကြီးမင်း ဦးဇော်လင်းအောင် မြစိမ်းရောင်၊ စိုက်ပျိုးရေးမွေးမြူရေးခြံ၊ ရဲမွန်တပ်မြို့၊ လှည်းကူးနေထိုင်သူသည် **Sunjin Myanmar Co; Ltd** ထံမှ မှာယူဝယ်ယူထားသော တိရစ္ဆာန်အစာဖိုး စုစုပေါင်းငွေကျပ် (၃၇,၅၆၅,၈၅၁/-) (ကျပ်သိန်းသုံးရာခုနစ်ဆယ်ငါးသိန်းခြောက်သောင်းငါးထောင်ရှစ်ရာငါးဆယ်တစ်ကျပ်) အားပေးချေရန်ကျန်ရှိနေပါသည်။ ကုမ္ပဏီ၏ တာဝန်ရှိသူများမှ လူကြီးမင်း ဦးဇော်လင်းအောင်အား အမျိုးမျိုး ဆက်သွယ်အကြောင်းကြားသော်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် ဦးဇော်လင်းအောင်ကိုယ်တိုင် ကုန်ဖိုးငွေများကို မည်သို့ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ကုမ္ပဏီထံ ဤသတင်းစာကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း အကြောင်းကြားဆက်သွယ်ပါရန် ကြေညာအပ်ပါသည်။

ဦးဇော်လင်းအောင် အနေဖြင့် တစ်စုံတစ်ရာ ဆက်သွယ်အကြောင်းကြားခြင်းမရှိပါက **Sunjin Myanmar Co; Ltd** အနေဖြင့် ဦးဇော်လင်းအောင်အား ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်လင်းအောင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၅/၂၀၁၈)**
**အမှတ်(၁၃၈)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၅၅၂၂၂၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကိုးလုံးကွင်းရပ်ကွက်၊ ဦးအောင်သင်းလမ်း၊ (မာလာကာကုန်းအပိုင်း) အိမ်အမှတ်(၁၃/၁၀၁)၊ (အလျား ၆၀ x အနံ ၃၀)ပေ ရေမီးအစုံနှင့် အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးထွဋ်လင်း[၁၂/မရက(နိုင်)၁၆၀၅၀၄]က တရားဝင်လက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်မာစိုး [၁၂/အစန(နိုင်)၂၁၉၀၈၀] နှင့် ဒေါ်စန္ဒာလမင်း [၁၂/အစန(နိုင်)၂၃၉၇၉၄]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်မာစိုး နှင့် ဒေါ်စန္ဒာလမင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LLB, CBL, DBL) (DL – 101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၃၃၀) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်စိန်စိန်[၁၂/ဥကတ(နိုင်)၀၅၂၅၄၁]အမည်ဖြင့်ထွက်ရှိထားသော နှစ်(၆၀) ဂရန်မြေအမျိုးအစား (အလျား ၆၀ x အနံ ၄၀)ပေရှိ ဂရန်မြေ၊ ဂရန်စာအုပ်မူရင်းနှင့် ယင်းမြေ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၁။ ဒေါ်ခင်မြိုင် [၁၂/ဥကတ(နိုင်)၀၅၇၀၇၁]၊ ၂။ ဦးထွန်းသိန်း [၁၂/ဥကတ(နိုင်)၀၆၉၀၅၃]၊ ၃။ ဒေါ်မိုးမိုးခိုင် [၁၂/ဥကတ(နိုင်)၀၅၇၀၇၈]၊ ၄။ ဦးဇော်ထွန်းလင်း [၁၂/ဗဟန(နိုင်)၀၄၆၀၅၃]၊ ၅။ ဦးဇော်မင်း [၁၂/မရက(နိုင်)၀၃၈၉၅၆]၊ ၆။ ဒေါ်ငွေငွေဝင်း [၁၂/သကတ(နိုင်)၀၄၁၆၇၃]၊ ၇။ ဦးအောင်ကိုထွန်း [၁၂/အစန(နိုင်)၀၀၁၄၄၀]၊ ၈။ ဒေါ်မြင့်သူဇာထွန်း [၁၂/အစန(နိုင်)၀၀၁၄၄၁] (၈)ဦးတို့က စာရွက်စာတမ်းအထောက်အထားများဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အားလုံးက ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိသဇင် [၁၃/မဆတ(နိုင်)၀၆၄၇၇၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါဂရန်မြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး (LLB, CBL, DBL) (DL–101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀ ၃၃၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်–သန်လျင် တံတားအမှတ်(၁)အနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City)၊ City Loft၊ (၈)ထပ်၊ လူနေအဆောက်အဦ၊ တာဝါ CL–11၊ အခန်းအမှတ်(၅၁၇)၊ ဧရိယာ(၄၈၄)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်လွင်ဝင်း [၅/အတန(နိုင်)၀၀၀၅၉၃] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈)**
**အမှတ်–၁၄၇၊ ဒုတိယထပ်၊ လမ်း–၅၀ (အထက်)၊**
**၁၀–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၈၄၀၄၂၊ ၀၉–၇၉ ၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်–၈၄၆၊ မြေကွက်တည်နေရာအမှတ်–၈၄၆၊ ပန်းဥယျာဉ်လမ်း၊ ၆၃–ရပ်ကွက်၊ ဒဂုံတောင် ဦးကျော်ဝင်း (HGU–071201 ) အမည်ပေါက် နှစ်(၆၀) စက်မှုမြေငှားဂရန်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးကျော်ဝင်း ခင်ပွန်းဖြစ်သူသည် (၁၆–၆–၂၀၁၈) ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်မြမြဝင်း [၁၂/ဒဂတ(နိုင်)၁၀၃၉၅၂]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူတစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဇနီးဖြစ်သူ မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်း၊ ပေါင်နှံ၊ လွှဲပြောင်း၊ ရောင်းချ၊ စွန့်လွှတ် လှူဒါန်းထားခြင်းမရှိကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်–၁၇/၂၀၂၅ (၂–၆–၂၀၂၅)၊ အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံ သားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ ဂိုဒေါင်(၁)လုံးရှိပြီး ကိုယ်ပိုင်မနေ၊ သော့ဖွင့်ပြ၍ဒေါ်မြမြဝင်းမှ ကွင်းဆင်း သိရှိပါကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မီးသတ်စက်ပစ္စည်းကိရိယာများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

- (က) (Advanced Emergency Response System–AERS) Remote Manpack System — (၂)စုံ
- (ခ) Thermal Imaging Camera 3.3 (Leader, France) — (၁)စုံ
- (ဂ) For Hazmat Team(အထူးမီးငြိမ်းသတ်ရေး တပ်ဖွဲ့သုံးပစ္စည်းများ) Handheld Chemical Detector(Solid&Liquid) Indicator 100l(Sarstech,Sweden) — (၁)စုံ

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် – (၇–၈–၂၀၂၅)ရက်နေ့(ရုံးချိန်အတွင်း)

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် – (၂၀–၈–၂၀၂၅)ရက်နေ့ (ညနေ)(၁၆:၃၀)နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရန်လိပ်စာ – ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မေယုလမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဖုန်း(၀၉–၈၈၄၂၈၅၁၉၁၊ ၀၉–၂၅၄၅၉၄၅၃၄)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၂၄၈/က)၊ (၁၂၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၄၈/က)၊ သန္တာ(၈)လမ်း၊ (င) ရပ်ကွက်၊ ဦးသိန်းထွန်း (ISN–၄၀၆၃၆၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းထွန်းထံမှ (၉–၁၀–၂၀၂၁) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးကျော်သူရ၊ ဒေါ်လှလှချိုထွေးတို့မှ မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၂၃/၂၀၂၅)ဖြင့် ဦးသိန်းထွန်းအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၂၃–၄–၂၀၂၅) ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်–၂၆/၂၀၂၅/၁၂–၅–၂၀၂၅ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ အမှတ်(၇၁၄)နေ ဦးဝင်းတင်(ဘ)ဦးမောင်မြိုင် [၁၂/ဥကတ(နိုင်)၀၈၀၅၀၃] ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ အမှတ်(၇၁၃) မြေကွက်အမည်ပေါက်ပိုင်ရှင် ဦးသန်းစိုး အမည်ဖြင့် မြေအကျယ်ပေ (၂၀ပေx၆၀ပေ) အနက်မှ(၇၁၃)ခေါင်းရင်းခြမ်း(၇၁၃–က) (၁၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသန်းစိုးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် လွန်ခဲ့သော (၁၈–၁၂–၁၉၉၃)ရက်နေ့ ကတည်းက ဝယ်ယူပြီး (၁၉–၈–၂၀၁၅) ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ အိမ်ဆောက်လုပ်ခွင့်ကို ဥပဒေနှင့်အညီ အမှတ်(၇၁၃–က) အမည်ဖြင့် (၂)ထပ်တိုက် လူနေရန်ဆောက်လုပ်ခွင့် တရားဝင် လျှောက်ထား၍ ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး (၂)ထပ်တိုက် ဆောက်လုပ်နေထိုင်ခဲ့သည်မှာ ယနေ့တိုင်နေထိုင်လျက်ရှိပါသည်။ ထို့နောက် (၇၁၃) ဦးသန်းစိုး အမည်ပေါက်ဂရန်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသန်းစိုးလက်ဝယ်တွင် ထားရှိပြီး ကျန် (၇၁၃) ခြေရင်းခြမ်းကို ဦးသန်းစိုးမှ ဒေါ်လှရီ(ခ)ဘူဒီမာ [၁၂/ဥကတ(နိုင်)၀၄၂၀၉၉]ထံသို့ (၁–၁၂–၁၉၉၆)ရက်နေ့တွင် လွှဲအပ်ရောင်းချခဲ့ပြီး ၎င်း၏ဂရန်အမည်ပေါက်အား ဝယ်ယူသူလက်ဝယ်သို့ ပေးအပ်ခဲ့ သော်လည်း ၎င်းတို့နှစ်ဦးအကြား အရောင်းအဝယ်ပြုလုပ်သည်မှာ (၁၀ပေx၆၀ပေ) မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုသာ ရောင်းချခြင်းဖြစ်ပြီး ယခုအခါ (၇၁၃–ခ) ကို လက်ဝယ်ပိုင်ဆိုင်ထားသူမှ ရောင်းချရန် ပြုလုပ်နေကြောင်း မြင်တွေ့ကြားသိရပါသည်။ ၎င်းအိမ်ခြံမြေကို အရောင်းအဝယ်ပြုလုပ်ရာတွင် ရောင်းချသူသည် (၁၀ပေx၆၀ပေ) ၎င်းပိုင် အိမ်ခြံမြေကိုသာ ရောင်းချခွင့်ရှိပြီး ဦးသန်းစိုးအမည်ပေါက် ဂရန်မြေဧရိယာ (၂၀ပေx၆၀ပေ) ဟု ကမ်းလှမ်း၍ ရောင်းချခွင့်မရှိသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ၎င်းပိုင်ဆိုင်မှုထက် ကျော်လွန်သော ဧရိယာကို ရောင်းချရန်ကမ်းလှမ်း၍ အရောင်းအဝယ်ပြုလုပ်နေသည့်အပေါ် ကန့်ကွက်ကြောင်း (၇၁၃–ခ) ခြေရင်းခြမ်းပိုင်ဆိုင်သူ အရောင်းအဝယ် ပြုလုပ်ရန်ကမ်းလှမ်းသူနှင့် အများသိစေရန် အထက်ပါကဲ့သို့ အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံ သို့စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ဖြေရှင်းညှိနှိုင်းနိုင်ပါကြောင်းနှင့် ဤအရောင်းအဝယ်ပြုလုပ်ရာတွင် ကျွန်ုပ်မိတ်ဆွေပိုင် (၇၁၃–က) (ခေါင်းရင်းခြမ်း) (၁၀ပေx၆၀ပေ) မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်တို့ပါ ရောင်းချခြင်းကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသော ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားမကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်အိအိမြတ်(ဥပဒေတွဲ့) | ဒေါ်ဇင်ဝတ်ရည်ဖြိုး(ဥပဒေတွဲ့) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |
| စဉ်–၁၃၃၇၀/၁၇ | စဉ်–၅၃၆၄၄/၂၀၂၀ |

**အမှတ်(၁၅/၁)၊ ယန္တရားရိပ်သာ၊ ဘောဂဗလလမ်း၊ (င)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၃၀၈၁၅၆၆၊ ၀၉–၇၉၉၇၄၉၂၅၉**




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ်(တ–၅)၊ ဦးပိုင်အမှတ်–၁၉/၆၃ လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဒေါ်စိန်စိန်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးကံမြိုင်၊ မိခင်ဒေါ်စိန်စိန်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဝင်းဝင်းမြိုင်[၉/မရတ(နိုင်)၀၅၇၇၇၄]၊ ဦးကျော်ကျော်မြိုင်[၉/မရတ(နိုင်)၁၀၂၆၃၆]၊ ဦးဇော်ဇော်မြိုင်[၉/မရတ(နိုင်)၁၀၂၆၃၇]၊ ဦးမော်မော်မြိုင်[၉/မရတ(နိုင်)၀၅၇၇၁၃]၊ ဒေါ်အေးအေးမြိုင် [၉/မရတ(နိုင်)၀၅၇၇၁၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၈)၊ ဦးပိုင်အမှတ်(၁၇၅)၊ ၃၉–လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဘမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၄၈၁/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရွှေကျင် [၉/မရတ(နိုင်)၀၃၇၈၈၉]က အမှုတွဲအမှတ် (၁၇၃၁/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၄)ရပ်ကွက်၊ သာလွှာဝတီအရှေ့(၅)လမ်း၊ အမှတ်(၁၆၈၂/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဧရိယာ (၂၀x၆၀)ပေ၊ ဦးစောလွင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ၁။ဒေါ်ခင်မာလွင် [၁၂/သကတ(နိုင်)၁၃၉၉၈၆]၊ ၂။ဒေါ်ခင်ခင်လွင်[၁၂/သကတ (နိုင်)၁၃၉၉၈၇]၊ ၃။ဒေါ်တင်မာလွင် [၁၂/သကတ(နိုင်)၁၇၅၅၃၅]၊ ၄။ ဒေါ်အိအိလွင်ထွေး [၁၂/သကတ(နိုင်)၁၆၈၈၉၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်စီ[၈/မထန(နိုင်)၀၈၉၈၅၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်စီ[၈/မထန(နိုင်)၀၈၉၈၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးကျော်စွာဝင်း | ဒေါ်သက်သက်အောင် LL.B |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၃၉၉) | အထက်တန်းရှေ့နေ(စဉ်–၂၈၃၅၀) |
| A.G.T.I(EC), WIPO(Switzerland), LL.B (Advocate) | |

**ဖုန်း–၀၉–၆၇၈၆၅၁၁၃၄၊ ၀၉–၂၅၀၆၆၇၄၅၇**

## ပြင်ဆင်မှုချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ ကြားသိစေရန်အကြောင်းကြားစာ

### မင်္ဂလာဒုံခရိုင်တရားရုံး

### ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်– ၆

| | |
|---|---|
| မင်္ဂလာဒုံခရိုင်တရားရုံး (၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ) ဒေါ်ထက်ဇာနည်လွင်(ဒုတိယဦးစီးမှူး) | နှင့် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂။ ဦးစိုးဝင်း (ခ) ဟုန်ဖေရီ ၃။ ဒေါ်မြကြည် |
| **လျှောက်ထားသူ** | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဈေးပိုင်းရပ်ကွက်၊ ယူကလစ်လမ်းနေ (၂)လျှောက်ထားခံရသူ ဦးစိုးဝင်း(ခ) ဟုန်ဖေရီ(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ နဝရတ်လမ်းသွယ်(၄)လမ်းနေ (၃) လျှောက်ထားခံရသူ ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါပြင်ဆင်မှုလျှောက်ထားသူက ဤရုံးသို့ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်–၇/၂၀၂၅ အမှုတွင် (၁၇–၃–၂၀၂၅)ရက်နေ့ကချမှတ်ခဲ့သည့်အမိန့်ကို ပြင်ဆင်မှု လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤလျှောက်လွှာပါအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်နေ့)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်တို့မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၇၃)ဟုခေါ်တွင်သော အိမ်အမှတ်(၄၇၃)၊ ယောမင်းကြီးလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးကျော်မြင့် (ဘ) ဦးကျင်မောင် (TTA-101546)အမည်ပေါက်၊ စတုရန်းပေ(၂၄၆၀) ကျယ်ဝန်းသည့် နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၄၇၄)နှင့်ကပ်လျက် ပေ(၂၁x၆၀)ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(သစ်သားတစ်ထပ်အိမ်)၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ဒေါ်အေးမြင့်သန်း(ဘ) ဦးစိုးဝင်း[၁၂/သဃက(နိုင်)၁၁၁၅၅၄]မှ ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၆)ဟု ခေါ်တွင်သော အိမ်အမှတ်(၆)၊ နဝဒေးလမ်း၊ (၁၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးထွန်းဇံ (ဘ)ဦးရွှေဇံ (CB-029276)[၁၂/မရက(နိုင်)၀၀၅၂၇၆]အမည်ပေါက် ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပန်းအိစံ(ဘ)ဦးသန်းထွန်း[၉/ခမစ(နိုင်)၀၀၅၆၂၄]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## အမှားပြင်ဆင်ချက်

(၂၆-၇-၂၀၂၅)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၆)လမ်းအထက်၊ တိုက်အမှတ်(၄၃၁)နှင့်ပတ်သက်၍ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)၌ ဖော်ပြပါရှိသော ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း စာပိုဒ်တွင်"သာကေတမြို့နယ်" အစား "ဒေါပုံမြို့နယ်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဗွေးကြွယ်(က)ရပ်ကွက်၊ ဇဋိလလမ်း၊ အမှတ်(၁၇) (၅လွှာ-B) (၁၂ပေခွဲx၅၅ပေ)ရေိယာအကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသီဟ [၆/ကသန(နိုင်)၀၅၃၀၂၁]က ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာဆွေ[၁၂/တမန(နိုင်)၀၁၂၉၆]မှ တိုက်ခန်း တန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်အောင် LLB.W.I.P.O**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**၂၆-သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421009003**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်-၄၅(ခဲစင်း)၊ ၆၇(D)လမ်း၊ ၁၁၈x၁၁၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးရွှေအိထံမှ အရပ်ကတိဖြင့်ဝယ်ယူခဲ့သော ဒေါ်သင်းအိဇင် ၎င်းတို့(၂)ဦးထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၅၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးနေလင်းအောင်[၉/မရမ(နိုင်)၀၉၂၀၃၄]၊ ဒေါ်ချောချောရင်[၁၄/ငပတ(နိုင်)၂၀၆၉၃၆]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၃၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်တွင်ရှိသော(၂၆၀'x၃၀') (ဟောခန်းမပါ)သစ်ညှပ်၊ အုတ်ကာ နှစ်ထပ်ဆောင်ကို ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | ၆-၈-၂၀၂၅ ရက်မှ ၁၂-၈-၂၀၂၅ ရက်ထိ |
| လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် | - | ၁၂-၈-၂၀၂၅ ရက်၊ ညနေ(၄)နာရီ |
| လေလံတင်ရောင်းချမည့်ရက် | - | ၁၃-၈-၂၀၂၅ ရက်၊ နံနက်(၁၀)နာရီ |
| လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ | - | မြို့နယ်ပညာရေးမှူးရုံး၊ ထန်းတပင်မြို့ |
| လေလံပွဲကျင်းပမည့်နေရာ | - | အထက(ထန်းတပင်)၊ ထန်းတပင်မြို့ |
| ဆက်သွယ်ရမည့်ဖုန်း | - | 09-255744551, 09-687253405, 09-256575687 |

**မြို့နယ်လေလံရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၁၂) (၆)လွှာ(ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်တင်တင်စံ [၁၁/မပတ(နိုင်)၀၃၄၉၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဖြိုး[၁၂/သလန(နိုင်)၁၃၇၄၇၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာလာဖြိုး** **ဒေါ်သက်သက်အောင် LL.B**
**[၁၂/သလန(နိုင်)၁၃၇၄၇၃]** **အထက်တန်းရှေ့နေ(စဉ်-၂၈၃၅၀)**
**အမှတ်(၁၆၇၉)၊ သာလွှာဝတီအနောက်(၅)လမ်း၊**
**၁၀/တောင် (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၇၈၆၅၁၁၃၄၊ ၀၉-၂၅၀၆၆၇၄၅၇**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၀)လမ်း၊ အမှတ်(၆၆)၊ ဒုတိယထပ်၊ HK. (၅ + ၆) လွှာ၊ အကျယ်အဝန်း (၁၂. ၅ ပေ x ၅၀ပေ)နှင့် ပတ်သက်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းကို ဆက်စပ်စာချုပ်များဖြင့် တိုက်ခန်းပိုင်ဆိုင်ကြောင်း တာဝန်ယူသူ ဦးမန်းဝင်းဆိုင် [၁၂/လမတ(နိုင်)၀၁၅၃၃၅] သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှရီ နှင့် ဦးထွန်းထွန်းရီ တို့အား တိုက်ခန်းရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ဝယ်သူက ရောင်းချသော တိုက်ခန်းတန်ဖိုးငွေ၏ ကမ်းလှမ်းတန်ဖိုးဖြင့် ဝယ်ယူရန် သဘောတူပါသည်။ ထိုတိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ဝယ်သူက စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ် မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကို တင်ပြပြီး၊ ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B ) တရားလွှတ်တော်ရှေ့နေ စဉ်(၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

## "မအိအိထွန်း [၁၂/လမတ(နိုင်)၀၀၁၇၀၇]နှင့် ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅-လမ်း၊ အမှတ်(၃၂)၊ ဒုတိယထပ်-B နေ ဒေါ်သန်းသန်းဝင်း [၁၂/ကမတ(နိုင်)၀၁၇၃၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ အမှုသည် ဒေါ်သန်းသန်းဝင်း၏ အကြီးဆုံးသမီးဖြစ်သူ မအိအိထွန်း သည် မိခင်၏ ဆိုဆုံးမမှုများကို မနာခံဘဲ ရွှေငွေ၊ လက်ဝတ်လက်စားများ ယူဆောင်ပြီး နေအိမ်မှ ထွက်သွားသည်မှာ (၂-၈-၂၀၂၅)ရက်နေ့မှစ၍ ယနေ့အချိန်ထိဖြစ်ပါသည်။ မအိအိထွန်းနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ် အားလုံးသည် ကျန်မိသားစုဝင်များနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

သို့ပါ၍ မည်သူမဆို ကျွန်ုပ်တို့၏အမှုသည် ဒေါ်သန်းသန်းဝင်းနှင့် ၎င်းမိသားစုဝင်များအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် စာစောင်များ၊ ဂျာနယ်များ၊ Facebook ၊ Viber ၊ Messenger စသည့် Online Social Network တို့ကို အသုံးပြု၍ ကျွန်ုပ်အမှုသည်နှင့် ၎င်းမိသားစုဝင်များ၏ ဓာတ်ပုံများအား ခွင့်ပြုချက်မရှိဘဲ ကူးယူအသုံးပြုခြင်းသာမက အပြင်လူမှု အသိုင်းအဝိုင်းများတွင်ပါ မဟုတ်မမှန်သတင်းများနှင့် ၎င်း၏ဂုဏ်သိက္ခာ ကျဆင်းစေမည့် ပြုမူပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ကျွန်ုပ်တို့အမှုသည်၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော အကြောင်းအရာများ ဖော်ပြကြေညာခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်** **ဒေါ်ဇင်မီသင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၈၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၁)**
**LLB, D.B.L** **LLB,D.B.L,D.I.L, MA (Business Law)**
**အခန်း(2-I)၊ တိုက်(B)၊ ရွှေမြယာအိမ်ရာ(၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၈၆၉၈၇၊ ၀၉-၄၅၀၀၂၂၃၁၅**

## Passport ပျောက်

(ဘ) ဦးကျော်ညွှန့်၏ သမီး ဒေါ်ဖြူဖြူခိုင် [၇/ညလပ (နိုင်) ၀၉၂၂၆၄]၏ နိုင်ငံကူးလက်မှတ် (MH-761498)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph: 09-793624414**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၅၂)၊ ၆၃x၆၄ကြား၊ ၁၁၈x၁၁၉လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၁၂၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးမြင့် [၉/မရမ(နိုင်)၀၆၉၃၇၁]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၄၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၄)၊ ဦးပိုင်အမှတ်(၁၅)၊ ၅၆x၅၇ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ဦးဘမှိုထံမှ အမွေဆက်ခံစာချုပ်အမှတ်(၄၄၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မီမီတင်[၉/မရမ(နိုင်)၀၅၀၄၅၇]၊ ဒေါ်မီမီခင်[၉/မရမ(နိုင်)၀၅၀၄၅၈]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၂၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၁)၊ ဦးပိုင်အမှတ်(၄)၊ ၈၂လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်တင်မြင့် ထံမှ အပေးစာချုပ်အမှတ်(၃၉၉/၁၉၈၃)ဖြင့် ပိုင်ဆိုင်ခဲ့သော ဒေါ်ကျင်စိန်၊ မရွှေဝါဦး၊ မောင်ထွန်းမြင့်တို့ (၃)ဦးအနက် ဒေါ်ကျင်စိန်ပါ (၂) ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၈၉၀/၂၀၀၃)ဖြင့် လက်ခံခဲ့သူ ကိုထွန်းမြင့် (ခ)ကိုထွန်းမြင့်ဦးထံမှ အမွေဆက်ခံစာချုပ်အမှတ်(၇၇၈/၂၀၂၅)ဖြင့် ပိုင်ဆိုင်ခဲ့သော ဇနီးဖြစ်သူ ဒေါ်မိုးမိုးစန်း [၉/မတရ (နိုင်) ၀၀၀၈၇၀]က အမှုတွဲအမှတ်(၀၂၀၉/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး (၆)လမ်း၊ တိုက်အမှတ်(၃၆)၊ တိုက်ခန်းအကျယ်အဝန်း (၁၂ပေx၅၅ပေ) အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဦးတင်လှ[၁၂/ကမတ(နိုင်)၀၀၉၄၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲပိုင်အောင် [၁၂/ကမရ(နိုင်)၀၆၂၇၄၈]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးရဲပိုင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊**
**(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၉၀၀)၊ ပုဂံ(၂)လမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၉၀၀)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအုံးမြင့်[၁၂/သဃက(နိုင်)၁၄၂၃၆၉]အမည်ပေါက်လျက်ရှိပြီး၊ မြေအမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးထွန်းကိုကိုလတ်[၈/ရနခ(နိုင်)၀၆၉၈၇၄]က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းမှအခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာခင်[၁၂/ဥကတ(နိုင်)၀၁၁၈၈၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်း ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာခင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ခိုင်ဝင်း** **ဒေါ်ဝေဖြိုးအောင်**
**LL.B, WIPO Switzerland** **LLB, WIPO Switzerland**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၉၄၄၁၉၉၃၀၀၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ ကျွန်းတောရပ်ကွက်၊ ကျွန်းတော(၇)လမ်း၊ အိမ်အမှတ်(၂၈၅) ဟု ခေါ်တွင်သော ရောင်းချသူများ ပြသသော မြေခွန်ပြေစာ၌ ကျေးရွာအမည်-ကျွန်းတော၊ ကွင်းအမှတ်(၈၂)၊ ကွင်းအမည်(ကွမ်းခြံကွင်း)၊ ဦးပိုင်အမှတ်(၈၀/၅)၊ မြေလုပ်ကိုင်သူအမည်-ဦးကျော်သိန်း အမည်ပေါက်၊ မြေအမျိုးအစား-$G_2$၊ ဧရိယာဧက(၁၅)၊ အကျယ်အဝန်းဧရိယာပေ(၄၀x၆၀)ရှိသော အိမ်ခြံမြေကွက်ကြီးမှ ခွဲထုတ်၍ အကျယ်အဝန်းဧရိယာပေ မျက်နှာဝ(၂၀)ပေxအနောက်အရှည် (၆၀)ပေ ကျယ်ဝန်းသည့် မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသူ (၁)မဝင်းဝင်းမော်[၁၂/တတန(နိုင်)၁၀၈၃၈၂]၊ (၂)မအေးသီတာ[၁၂/တတန(နိုင်)၀၁၆၆၁၃]၊ (၃)မောင်ဝင်းနိုင်[၁၂/တတန(နိုင်)၀၅၈၅၈၃]၊ (၄)မောင်သန့်ဇော်လင်း[၁၂/တတန(နိုင်)၁၄၀၁၈၀] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူများထံ စရန်ငွေကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းများ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော်ဦး** **ဒေါ်စုလှိုင်စိုး(LL.B)**
**[၁၂/ကမန(နိုင်)၀၀၇၀၀၇]** **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၈၇/၂၄-၁-၂၀၁၃)**
**ဖုန်း-၀၉-၆၇၃၈၃၅၃၆၆၊ ၀၉-၇၉၉၄၀၀၃၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၊)၊ မြေကွက်အမှတ်( V ၂၆ )၊ အကျယ်အဝန်း( ၃၂'၉"x ၅၀')၊ (၁၆၃၀) စတုရန်းပေ၊ ဧရိယာ(၀.၀၃၈)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၁၆)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မျက်နှာမူလျှင်-ညာဘက်ခြမ်းရှိ ၃-လွှာ+ ၄-လွှာ ဟုခေါ်တွင်သော တိုက်ခန်း(၂)ခန်း၊ လှေကားခွင်တို့အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းနွဲ့[၁၂/မဂတ(နိုင်)၀၄၃၃၆၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်း (၂)ခန်း၊ လှေကားခွင်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်တိုက်ခန်း (၂)ခန်း၊ လှေကားခွင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၁၁)၊ ပေ၄၀xပေ၆၀ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ မြေရှင်ပိုင် ပထမထပ်၊ ခေါင်းရင်းခန်း၊ (၁၇'x၅၄')တိုက်ခန်းကို မြေရှင် ဒေါ်မြမြဝင်း [၁၂/လမန(နိုင်)၀၂၉၈၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းဌေး [၁၃/သပန(နိုင်)၀၀၅၇၇၄]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးခင်မောင်လေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၁၁၅၆၅/၂၆–၇–၁၉၈၅)**
**အမှတ်(၆၅)၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း။**
**Ph:09–796490737**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၇၀–၃၇၁)၏ (၅လွှာ C) အခန်းအမှတ်(၄၀၃)၊ အလျား(၁၅)ပေxအနံ(၅၀)ပေ အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မန္တလာဦး [၁၂/အစန(နိုင်)၁၂၃၆၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်းမာ[၁၀/သဖရ(နိုင်)၀၁၀၉၈၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်းကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ဝင်းမာ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်–၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄–ဘီ)၊ နီဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09–765188412**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၄၆)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသူရဖြိုး[၁၄/ပပတ(နိုင်)၁၆၈၉၀၇]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးပြည့်မြတ်အောင်[၁၀/မလမ(နိုင်) ၁၉၉၀၇၀]၊ ဒေါ်သင်းသီရိဝေ[၁၂/စခန(နိုင်)၀၆၅၉၇၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,D.I.P.L)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၀၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း(City Loft)အတွင်းရှိ တိုက်အမှတ်(CL–8)၊ အခန်းအမှတ်(511)၊ အခန်းအမျိုးအစား (one bedroom)၊ အကျယ်အဝန်း(၄၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တပ်ဆင်ထားသော ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဆွေလှိုင်ဦး [၁၂/ဒပန (နိုင်) ၀၄၆၅၅၄]ထံမှ ကျွန်တော် ဦးပြည်ဟိဏ်းကျော် [၁၂/မဂတ (နိုင်) ၀၈၉၉၆၂]နှင့် ဦးကျော်ဇင်ဟိဏ်း [၁၂/မဂတ (နိုင်) ၀၈၉၉၅၄] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ မည်သူမဆို (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကျော်ဇင်ဟိဏ်း** | **ဦးပြည်ဟိဏ်းကျော်** |
| **[၁၂/မဂတ(နိုင်)၀၈၉၉၅၄]** | **[၁၂/မဂတ(နိုင်)၀၈၉၉၆၂]** |
| **ဖုန်း–09–404445224** | **ဖုန်း–09–793367916** |

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်လေးဝင်း[၁၂/ဥကမ(နိုင်)၀၀၄၀၅၅]၊ တိုက်(၄၂)၊ အောင်မင်္ဂလာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ (၁၁/၁၄)ရပ်ကွက်၊ ၉/နံပါတ်(၅)လမ်း၊ အမှတ်(၃၁၃)ဟုခေါ်တွင်သော အလျား(၂၅)ပေxအနံ(၄၀)ပေရှိဘိုးဘွားပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးစိန်ဘ[၁၂/ဒလန(နိုင်)၀၁၅၄၉၆]ထံမှ (၂၂–၁၂–၂၀၂၂)ရက်နေ့တွင်နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းကြေးတန်ဖိုးငွေကို အပြေအကျေပေးချေဝယ်ယူထားပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့သည့် အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားပြီး၊ စီမံရောင်းချခွင့်ရှိသူ ဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ကြရန်နှင့် ပြုမူဆောင်ရွက်ပါက ပြဋ္ဌာန်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာစိုး တရားလွှတ်တော်ရှေ့နေ အမှတ်စဉ်(၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၉၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ (၂၂)လမ်း၊ အမှတ်(၆၂ဂ/ဃ)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း (၁၁၇ဂ)စတုရန်းပေရှိ နှစ်(၆ဂ)မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်တည်ရှိသော အမှတ်(၆၂ဂ/ဃ)၊ စာဂ(၂၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဟုခေါ်တွင်သော နေအိမ်အပါအဂင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးတော်တော်မောင်[၁၂/ဗဟန(နိုင်)ဂ၅၅၉၁၆]နှင့် ဒေါ်ခိုင်နွယ်သင်း[၁၂/ဗဟန(နိုင်)ဂဂ၉၅၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဂယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်စတ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဂယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်နှင့်အိမ်အရောင်းအဂယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်နန်းနီလာချစ်ဆွေ** | **ဒေါ်ယွန်းသန္တာအောင်** |
| **(LLB, D.BL, D.IL, D.IPL)** | **(LLB)** |
| **အထက်တန်းရှေ့နေ (စဉ်–၃၉၅၆၁)** | **အထက်တန်းရှေ့နေ (စဉ်–၄၈၁၂၇)** |

**အခန်း(၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၅၅၄၉၁၂၄၄၊ ၀၉–၂၅၄၅၄၇၁၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅၊ မြေကွက်အမှတ်–၈၃၃၊ (အလျား ၄၅ ပေ x အနံ ၅၀ ပေ)၊ (၀. ၀၆၂)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်သည် ဦးခိုင်ဝင်း(ခ)ဖူလဟာ အမည်ပေါက်ပြီး ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်လှလှဝင်း[၁၂/ဥကတ(နိုင်)၁၃၄၂၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမြင့်မောင်[၈/ပခက(နိုင်)၂၅၉၁၄၅]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၆၇၄)**
**အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၇၃၀၉၄၂၈၅၊ ၀၉–၇၉၈၃၈၅၁၂၈**

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်–၂၉/၃၁ (ဘီ)၊ (၂)ခန်းတွဲ၊ (၃)ထပ်ခွဲ တိုက်၏ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၅ပေx၅၅ပေ) ရှိ တိုက်ခန်းနှင့် ယင်း (၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်တည်ရှိရာ မြေအကျယ်အဝန်း(၃၀ ပေ x ၅၅ ပေ)ရှိ မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁)ဦးအောင်ဇော်မင်း[၈/ရစက(နိုင်)၂၃၂၇၅၃]၊ (၂)ဒေါ်ဟန်သီထွန်း[၈/ရစက(နိုင်)၁၈၃၁၃၂]တို့ထံမှ ကျွန်ုပ် တို့၏မိတ်ဆွေများကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၇၅)** |

**အမှတ်(၄၄)၊ ပ–ထပ်၊ အခန်း(၁၀)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၇၁၇၇၈၆၃၊ ၀၉–၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကြယ်စင်မြို့တော်အိမ်ရာ(Star City) City Loft Condo, တိုက်အမှတ်–CL–9၊ အခန်းအမှတ်(113)၊ အခန်းအကျယ်(၄၈၄)စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်လားလ်နွန်ငှတ်အီး(ဘ)ဦးဗန်လားလ်ရမ်[၅/ကလထ(နိုင်)၁၆၃၅၇၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာညီညီ[၁၂/သလန(နိုင်)၀၈၄၆၇၄]ကိုင်ဆောင်သူက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၀၉၂၁၀၆**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဂန္ဓီ၏ သမီး မစုစုချော [၁၂/ဒပန (နိုင်) ၀၃၇၃၆၀]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၇၄၁၉၁၀၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၉၀၁)၊ ဦးပိုင်အမှတ်–၁၉–င(ခဲစင်း)၊ ၁၀၁လမ်း၊ ရန်–မန်းလမ်းx၇၈ လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ဒေါ်ငုံဖူးစင် [၉/မဟမ (နိုင်) ၀၅၁၂၆၄]က အမှုတွဲအမှတ် (၁၇၃၂/၂၀၂၅–၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ဦးပိုင်အမှတ်(၆)၊ ၈၆–လမ်း၊ ၂၀လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်ချိုရီ၊ ဒေါ်မာမာဝင်း၊ ဦးကျော်ကျော်ဝင်း၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဦးသီဟကျော်လင်းတို့ (၅)ဦးအနက် ဒေါ်မာမာဝင်းပါ (၄)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၇၂၉/၂၀၂၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ချိုရီ [၉/မနမ (နိုင်) ၀၄၇၄၃၉]က အမှုတွဲအမှတ် (၀၂၁၅/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ်(၃၁–ခ)၊ ဦးပိုင်အမှတ်(၅၇)၊ ၇၆x၇၇ကြား၊ ၃၈x၄၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန့်သဇင်ဝင်း၏ (SP ရရှိသူ ဒေါ်တင်ဆွေဦး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၈၉၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခိုင်ရွှေထွန်း [၉/ပသက(နိုင်) ၁၀၄၉၇၂]က အမှုတွဲအမှတ် (၁၇၅၁/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၁၅)လမ်း၊ အမှတ်–၈၇၄ တွင် နေထိုင်သူ ဒေါ်ခိုင်ခိုင်စန်း [၁၂/ဥကမ(နိုင်)၀၈၂၅၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ –

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်ခိုင်စန်းမှ ၎င်း၏အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၅)လမ်း၊ အမှတ်–၈၇၄ (ပေ၁၀x ၆၀ပေ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂–ထပ်)တိုက်အပါအဝင် အကျိုးခံစားခွင့်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်ခိုင်ခိုင်စန်း သိရှိခြင်းမရှိဘဲ ၎င်းပိုင်ဆိုင်သည့် အထက်ပါပစ္စည်းကို မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန်နှင့် ဒေါ်ခိုင်ခိုင်စန်းမှ သဘောတူ လက်မှတ်ရေးထိုး ဆောင်ရွက်ထားခြင်းမရှိသည့်ကိစ္စများသည် ဒေါ်ခိုင်ခိုင်စန်းနှင့် မသက်ဆိုင်ကြောင်း ပြုလုပ်သူ၏ တာဝန်သာဖြစ်မည့်အပြင် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်ခိုင်ခိုင်စန်း** | **ဦးနိုင်ဝင်း (LL.B.,D.B.L.,D.I.L.,)** |
| **[၁၂/ဥကမ(နိုင်)၀၈၂၅၁၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၈၉/၂၀၂၀)** |
| | **ရုံး–အမှတ်(၅၆၅/၅၆၇)၊ MAC Towen (၆–လွှာ)၊** |
| | **မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊** |

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၄၃၀၈၈၄၇၈**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ သီရိရတနာရပ်) မြေကွက်အမှတ်(၁၄၉)၊ ဧရိယာ(၀. ၄၈၅)ဧက၊ (၂၁၁၃၃)စတုရန်းပေရှိ ဦးတင်မောင်လှ [၁၂/လကန (နိုင်) ၀၂၂၃၁၂]နှင့် ဒေါ်လင်းလင်းထက် [၁၄/ကခန (နိုင်)၀၇၇၂၃၃]အမည်ပေါက်အငှားဂရန်မြေကွက် ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးတင်မောင်လှ[၁၂/လကန(နိုင်)၀၂၂၃၁၂]နှင့် ဒေါ်လင်းလင်းထက် [၁၄/ကခန (နိုင်) ၀၇၇၂၃၃]တို့ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သန်း[၁၂/ကတတ(နိုင်) ၀၁၆၆၂၃] မှအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရဝင်း**
**(B.A, B.Sc(Hons), DBL(Credit), PGDL, LL.B, LL.M (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၅၀၃၇၃၇၀၊ ၀၉–၄၂၀၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆စီ[၁])၊ မြေကွက်အမှတ်(၇၂)၊ လူနေအခေါ် **ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်ဈေးကြီး(အနောက်)ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၈၇)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၄၅ပေ)အကျယ်အဝန်းရှိ** ဒေါ်စောရင်၊ ဦးထွန်းစိန်၊ ဒေါ်သန်း၊ ဦးထွန်းဦး အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၁)ထပ်နေအိမ်ဟောင်း (၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်များထံမှ အဆင့်ဆင့်လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ ဦးဇော်သိန်း[၁၂/ပဘတ(နိုင်)၀၂၄၈၆၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ကျွန်ုပ်မိတ်ဆွေက ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထားစာချုပ် စာတမ်းမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်ထက်ထက်နိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၃၇၅)**
**အခန်းအမှတ်(၉၀၄)၊ (၉)လွှာ၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၂၅၃၂၁၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေ–ရပ်ကွက်၊ ရန်ပြေ(၁၁)လမ်းအရှေ့၊ အမှတ်(၁၉၀)၊ မြေကွက်အကျယ်အဝန်း(၄၀x၆၀)ပေတွင် ဆောက်လုပ်ထားသော(၂) ခန်းတွဲ(၆) ထပ်တိုက်၏ စတုတ္ထထပ်(၅–လွှာ)၊ (တိုက်မျက်နှာမူလျှင်ညာဘက်ခြမ်းအခန်း)၊ တစ်ခန်းလျှင် (၁၈x၅၄ )ပေ အကျယ်အဝန်းရှိ တိုက်ခန်းသည် ဦးမောင်မောင်ဝင်း(ခ)ဦးလာလူး [၁၂/ဒပန(နိုင်)၀၆၆၂၇၄]နှင့် ဦးဘမြင့်[၁၀/မလမ(နိုင်)၁၅၇၃၀၃](ကန်ထရိုက်တာများ)မှလက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းတို့မှအခြားမည်သူ တစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးရဲသွေးအောင်[၁၄/မမက(နိုင်)၁၉၁၁၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဦးရဲသွေးအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B, WIPO Switzerland** | **LL.B, WIPO Switzerland** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၅၅)** |

**အမှတ်–၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၈၁၉၉၃၀၀၊ ၀၉–၉၄၄၁၉၉၃၀၀၊ ၀၉–၇၉၈၄၅၈၆၂၇**

# "အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ"

လွန်ခဲ့သော ၉-၇-၂၀၂၅ ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော မောင်စည်သူဘုန်းမော် (ခ) ဘုံဘုံလေး၏ ဈာပနကိစ္စအဝဝအတွက် အစစအရာရာ ဝိုင်းဝန်းကူညီစောင့်ရှောက်ဆောင်ရွက်စီမံပေးကြပါသော နိုင်ငံအတွင်းမှ လူပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း၊ မလေးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကြသော လူပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း၊ မလေးရှားနိုင်ငံရှိ မြန်မာသံအမတ်ကြီး၊ သံမှူးကြီး၊ ပထမအတွင်းဝန်၊ ဒုတိယအတွင်းဝန်နှင့် သံရုံးဝန်ထမ်းများအားလည်းကောင်း၊ သံအမတ်ကြီး၏ တာဝန်ပေးချက်အရ ညွှန်ကြားသည်ထက်ပို၍ မိသားစုသဖွယ် အစအဆုံး လိုက်လံကူညီဆောင်ရွက်ပေးခဲ့သော ကိုသီဟမောင်မောင်နှင့် မိသားစုအားလည်းကောင်း၊ ကွာလာလမ်ပူမြို့ရှိ နှလုံးလှ လူမှုကူညီရေးအသင်းကြီးအားလည်းကောင်း၊ ပြည်တွင်းမှမိတ်ဆွေများ၏ ပြောကြားချက်အရ တစ်ကြိမ်တစ်ခါမှ သိရှိခဲ့ဖူးခြင်းမရှိဘဲ ဟိုတယ်သို့ နေ့စဉ် အတူလာရောက် အားပေးကူညီခဲ့ပါသော ကိုအောင်သူရ (Tegap Automatic Car Service Center)အား လည်းကောင်း၊ သရဏဂုံတင်ခြင်း၊ ပရိတ်တရားတော်မြတ်များကို လိုအပ်ရာနေရာဌာနအသီးသီးတို့၌ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ ချီးမြှင့်ဆောင်ရွက်ပေးတော်မူခဲ့ပါသော ရတနာရာမဗုဒ္ဓဘာသာမြန်မာကျောင်းမှ ဆရာတော် ဉူးပဏ္ဍိတ (M.A) (သဒ္ဓမ္မပါလဓမ္မာစရိယ၊ သာသနဒ္ဓဇဓမ္မာစရိယ)နှင့် သံဃာတော်အရှင်သူမြတ်များအားလည်းကောင်း၊ ဗုဒ္ဓဂယာမှ ကိုးပင်မြောက်ဗောဓိညောင်ပင် စိုက်ရန်ခွင့်ပြုနေရာပေးခဲ့ပါသော Mr Lim အားလည်းကောင်း၊ ရက်လည်ဆွမ်းသွတ်နေ့၌ မိမိတို့ဝယ်ယူလှူဒါန်းနေမှုနှင့်အတူ သံဃာတော်များနှင့် ဧည့်ပရိသတ်များအပြင် ပိုလျှံအောင် ဆိတ်သားနှင့် ကြက်သားဒံပေါက်ဆွမ်းကို လှူဒါန်းပေးခဲ့သော "ဇေယျာ" မိသားစုအားလည်းကောင်း၊ ဘောဇဉ်အချိုပွဲလှူဒါန်းပေးသော LINN မိသားစုအားလည်းကောင်း၊ သားသားကျောင်းသွားတက်ရောက်စဉ် ရောက်ရှိသည့်နေ့မှစ၍ သားအရင်းသဖွယ် စောင့်ရှောက်ပေးခဲ့ကြသော ကိုစိုးနိုင် + မသီတာလွင်တို့ အားလည်းကောင်း၊ UCSI တက္ကသိုလ်ကျောင်းသားရေးရာဌာနမှ Mr Rash နှင့် မြန်မာကျောင်းသားသမဂ္ဂမှ ကျောင်းသူ၊ ကျောင်းသားများအားလည်းကောင်း၊ Mechatronic Engineering ဌာန မှ ဆရာ/ဆရာမများ၊ နိုင်ငံတကာမှသားသား၏ သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူများ၊ သားသားဆုံးပြီဟု သိသည့်အချိန်မှစ၍ ပြည်တွင်းပြည်ပရှိ ဗုဒ္ဓဘာသာကျောင်းတိုက်အသီးသီးတို့၌ သက်ပျောက်ဆွမ်းလှူဒါန်းပေးကြကုန်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နှစ်နိုင်ငံလေဆိပ်တို့၌ အသွားအပြန် လိုက်လံအားပေးကူညီဆောင်ရွက်ပေးခဲ့ကြသော လူပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း၊ ၂၃-၇-၂၀၂၅ ရက်နေ့မှ ၂၉-၇-၂၀၂၅ ရက်နေ့အထိ ရက်လည်ဆွမ်းနေ့ရက်များသို့ ကြွရောက်ချီးမြှင့်ပေးပါသော အရိယာမှန်ပြကျောင်းတိုက်မှ သံဃာတော်အရှင်သူမြတ်များနှင့် ရက်အလိုက် လှူဒါန်းပေးခဲ့ကြကုန်သော နေ့ဆွမ်းအလှူရှင်များအားလည်းကောင်း၊ ၂၄-၇-၂၀၂၅ ရက်နေ့ ဧရာဝတီမြစ်၌ အရိုးပြာအိုးမျှောမီ အထူးကရုဏာထား၍ ဖိတ်ခေါ်ပြီး အမျှဝေပေးပါသော မန္တလေးမြို့ ညောင်းရမ်း၊ မိုးကောင်းကျောင်းတိုက်၊ သိန်းသန်းရတနာဆရာတော်ဘုရားကြီး၊ စီမံဆောင်ရွက်ပေးကြပါကုန်သော သံဃာတော်အရှင်မြတ်များနှင့် လူပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း၊ လှူဒါန်းမှုအစုစုတွင် ပါဝင်လှူဒါန်းပေးကြပါသော ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတို့အားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆက်သွယ်မှုအမျိုးမျိုးဖြင့် နှစ်သိမ့်အားပေးစောင့်ရှောက်ကြကုန်သော လူပုဂ္ဂိုလ်အသီးသီးနှင့် ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်အသင်းကြီး၊ သန္တိသုခအသင်းကြီး၊ သာသနာရက္ခိတ ဆွမ်းလောင်းအသင်းကြီးတို့မှ လူပုဂ္ဂိုလ်အသီးသီးတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရလေအောင် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မိသားစု၏ နှလုံးသားထဲမှ မှတ်တမ်းတင်အပ်ပါသည်။

" သဘာဝတရား "

" ချစ်ခင်စုံမက်စွဲလန်းနှစ်သက်ဖွယ်ဟူသရွေ့နှင့် နောက်ဆုံးတစ်နေ့မှာတော့ မုချကွေကွင်းကြရမှာပဲလို့<br>ငါပြောပေါင်းများလှပြီး . . . . အာနန္ဒာ မြဲတယ်ဆိုတာ . . . မရှိဘူး"<br>(မဟာပရိနိဗ္ဗာနသုတ်)

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ PSH ကိုယ်ပိုင် အထက်တန်းကျောင်း Grade(1)တွင် ပညာသင်ကြားနေသော မရွှန်းသဒ္ဒါလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သီဟ [၁၂/လမန (နိုင်) ၁၇၄၅၇၆] ဖြစ်ပါကြောင်း။

**ဦးကျော်သီဟ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ PSH ကိုယ်ပိုင် အထက်တန်းကျောင်း Grade(4)တွင် ပညာသင်ကြားနေသော မောင်ခန့်ထည်လင်း၏ ဖခင် အမည်မှန်မှာ ဦးကျော်သီဟ [၁၂/လမန (နိုင်) ၁၇၄၅၇၆]ဖြစ်ပါကြောင်း။

**ဦးကျော်သီဟ**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၅)၊ ဖြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ် (၁၁၉၉)ဟုခေါ်တွင်သော မဆွေဆွေအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကျော်လင်း [၁၂/ဒဂတ (နိုင်) ၀၃၀၂၃၄]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သီတာဦး [၈/ဂဂန (နိုင်)၀၇၄၀၈၆]နှင့် ဒေါ်ဝင်းအေး [၈/ထလန(နိုင်)၀၃၅၄၅၀]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူများ-**<br>**ဒေါ်သီတာဦး၊**<br>**ဒေါ်ဝင်းအေး**

**ညွှန်ကြားချက်အရ -**<br>**ဒေါ်ခင်သူဇာဝင်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**<br>**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**<br>**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**<br>**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၅)လမ်း၊ အမှတ်(၂၄/က) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀ပေx အနံ ၂၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရှုပ်အရှင်းပြဿနာကင်းရှင်း၍ လက်ရှိပိုင်ဆိုင်သည်ဟု ပြောဆိုမြွက်ဟသူ ဦးကျော်ကျော်အောင် [၁၂/မဂတ(နိုင်)၀၇၆၈၈၆] ကိုင်ဆောင်သူမှ လာရောက်ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်စိန်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ အခြားအမွေဆက်ခံခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**<br>**ဒေါ်သိန်းသိန်းမော် (LL.B)**<br>**အထက်တန်းရှေ့နေ (စဉ်- ၂၅၁၃၁)**<br>**အမှတ်(၁၆၇)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊**<br>**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၉၃၃၈၈၂၈**

## "အများသိစေရန် သတိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၃-ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၃၈၀)တွင် နေထိုင်သူ ဦးရန်ဆန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၃/လရန(နိုင်)၀၈၆၁၇၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်ဆန်းသည် ဒေါ်ခင်ခင်ရွှေ မှတ်ပုံတင်အမှတ် (KPW-၀၆၄၈၁၇)၏ ဂရန်အမည်ပေါက်သော အမှတ် (၄၄၂)၊ စိန်ချယ်မြင့်လမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၏ မြေငှားဂရန်မူရင်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့စွဲပါ **"နှစ်ဦးသဘောတူ အိမ်/ခြံ/မြေ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"** အရ လက်ရောက်ရရှိ ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ထို့ကြောင့် ဦးရန်ဆန်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ဆောင်ရွက်မှု ပေါ်ပေါက်လာလျှင်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးရန်ဆန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဒေါ်နီနီမြင့် B.Sc., H.G.P.,R.L.,D.B.L., WIPO (Switzerland)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၄၉၈/ ၁၉-၁၂-၈၅)**<br>**အမှတ်- ၂၄၈/င၊ ၄(အေ)၊ လေးဒေါင့်ကန်လမ်း၊ ဈ/မြောက်ရပ်ကွက်၊**<br>**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၇၃၂၃၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(ဝေဘာဂီ)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၁၉)၊ မြေအကျယ်အဝန်း (၃၀ပေ × ၅၀ပေ) အနက်မှ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၈)နှင့်ကပ်လျက်ဘက်အခြမ်းဖြစ်သည့် မြေအကျယ်အဝန်း (၁၅ပေ × ၅၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ဉမ္မာဝင်း(MYGN-၀၀၄၂၇၉)(၁၂/မရက(နိုင်)၀၀၁၃၃၁)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူများဖြစ်ကြသော ၁။ ဦးဇေဇေမြင့်ကြည် (၃/ဘအန(နိုင်)၂၆၈၀၂၄)နှင့် ၂။ဒေါ်သန်းသန်းစိုး(၈/တတက(နိုင်)၁၈၂၉၇၀)တို့သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူတို့ဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုမြတ်မောင် (LL.B)**<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)**<br>အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့<br>ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ အင်းယက်ကြီးကျေးရွာ၊ ကွင်းအမှတ် (၆၈၇-က)၊ အင်းယက်ကြီးကွင်း၊ ဦးပိုင်အမှတ်(၂၆/၄)၊ ဦးအုန်းလွင် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော ဧရိယာ (၁.၃၄) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဦးအုန်းလွင် (ဘ) ဦးခင်မောင်လွင် [၁၂/မဘန(နိုင်) ၀၀၂၀၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘုန်းမြင့်ကျော် (ဘ) ဦးဌေးနိုင် [၁၂/မဘန(နိုင်) ၁၇၈၉၀၂]က (၅-၈-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ ခြံမြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဘုန်းမြင့်ကျော်၏ ခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးကမ်းခြင်းတို့ကို ပြုလုပ်ပိုင်ခွင့် လုံးဝ(လုံးဝ)မရှိကြောင်းနှင့် ပြုလုပ်ခဲ့သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြင့်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**<br>**ဒေါ်ဆွေဇင်ဝင်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၂၄)**<br>**အမှတ် (၁/ရ-၁၂၃)၊ (၁/ရ- ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊**<br>**သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊**<br>**ဖုန်း- ၀၉-၄၂၁၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ လူနေရပ်ကွက်အမှတ် (သမိုင်း) ၊ မြေကွက်အမှတ်- ၈/က᠀၊ မြေဧရိယာ (၀.၃၄၇)ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၆၄ K ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော RC/အုတ်ညှပ်အမျိုးအစား (၂)ထပ်တိုက်အဆောက်အဦ (၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ (၁)လုံး၊ လုပ်ငန်းသုံးလျှပ်စစ်မီတာ (၁)လုံး ၊ ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ မြေပိုင်မြေအမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ကြည်ဝင်း(ခ)ကြည်ဝင်းမော် [၉/မရမ(နိုင်)၀၇၄၆၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**<br>**ဦးဇော်ဇော်လွင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**<br>**09-426779993**<br>**E-5 ၊ Sagawar Street / FMI City . Hlaingtharyar.**

**အား က စား မြင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

❖ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလို...

❖ အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၆ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ယနေ့ ဖတ်စရာ


သတင်းပေး တိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၅

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲနှင့် တတိယလုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ
စာမျက်နှာ » ၁၆


## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရ



မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဩဂုတ် ၆

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲ အုပ်စု(D)ပထမနေ့ကို ဩဂုတ် ၆ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့သည်။

**ရလဒ်ကောင်းရယူနိုင်**

အိမ်ရှင်မြန်မာအသင်းသည် အုပ်စု ပထမပွဲအဖြစ် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစခြောက်မိနစ်တွင် ဂိုးစတင်ပေးလိုက်ရသော်လည်း နောက်မှလိုက်ကစားကာ ခြောက်ဂိုးပြန်သွင်းပြီး ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်သော်လည်း ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



## Burmese Golf Amateur Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပပြီး ကောင်းထိုက်ဇော် ဦးဆောင်နေ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG)၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသော Burmese Golf Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကို ဩဂုတ် ၆ ရက်က ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

တတိယနေ့အပြီးတွင် ကောင်းထိုက်ဇော်(ဝဲပုံ)က သုံးရက်ပေါင်း ရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ထိပ်ဆုံးတွင် ဦးဆောင်ယှဉ်ပြိုင်လျက်ရှိပြီး ကျော်ကိုကိုချစ်က သုံးရက်ပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် ဒုတိယနေရာ၊ ချစ်ရင်ထူးက စုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် တတိယနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ☆

## အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(D) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၆

၂၀၂၆ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု(D) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အင်ဒိုနီးရှားဘောလုံးအသင်းတို့သည် ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်



မြန်မာ ယူ-၂၂ အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ခြေစမ်းကစားစဉ်။

## မြန်မာ ယူ-၂၂ အသင်းနှင့် MNL ကလပ် ရန်ကုန်ယူနိုက်တက်အသင်း ခြေစမ်းပွဲကစား

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် MNL ကလပ် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၃ သို့ ❖